ပဏ္ဍိတာရုံစာစဉ် (၁၁)

မန္တလေးမြို့၊ ညောင်ကန်တိုက်

ပဏ္ဍိတာရုံကျောင်းဆရာတော်

# ဘဒ္ဒန္တဇနသာရ

(ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)




# သိအောင်လုပ်ပါ

Generated by CamScanner from intsig.com

'ဓမ္မလက်ဆောင်မွန်'



သို့ ---------------------------

---------------------------

---------------------------

မှ ---------------------------

---------------------------

---------------------------

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"

**အလှူတကာတွင် ဓမ္မဟင် သာလျှင် မွန်မြတ်ပေ၏။**

**ဓမ္မအလှူ လှူဒါန်းသူ ဉာဏ်ပညာထက်မြက်ပေ၏။**

Generated by CamScanner from intsig.com

(၁) သိအောင်လုပ်ပါ

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
## "စာဂဟော"

ဒီလက်ကမ်းစမ္မစာစောင်ရဲ့အမည်ကိုတော့"သိအောင်လုပ်ပါ(၁)"ဆိုတဲ့အမည်နဲ့ ရေးဖို့ဆုံးဖြတ်လိုက်ပါတယ် လောကမှာသိစရာတွေကများလွန်းလို့ အပိုင်း ၁။နဲ့သင့်တော်သလောက်မှာရပ်နားမှာဖြစ်ပါတယ် သိအောင်လုပ်တဲ့နေရာမှာ သင်ကြားခြင်း၊သင်ကြားတဲ့နေရာမှာလဲ"စာတတ်ကြောင်းရာ၊အင်ရှစ်ဖြာ၊လိုက်နာစွဲမှတ်သိ"ဟူသော အဆိုအမိန့်နှင့်အညီ စာတတ်ခြင်း၏အခြေခံအင်္ဂါရပ်ရှစ်ပါးဖြင့် သင်ကြားရပါမယ်၊ဒီအင်္ဂါရှစ်ပါးထဲမှာ(၃)ပုစ္ဆာယျ-မေးမြန်းစုံစမ်းရာ၏(၄)ဘာသေယျ-ပြောဆိုရာ၏ ဆိုတဲ့ အချက်အလက်နှစ်ခုနှင့် အံဝင်အောင်အမေးအဖြေပုံစံနဲ့ ရေးသာဖို့စိတ်ကူးမိပါတယ်၊မေးတဲ့ဖြေတဲ့နေရာမှာလဲ လူကြီးများစကားဝိုင်းမဟုတ်ပဲအကိုကြီးတယောက်နဲ့ညီငယ်ညီမငယ်တို့၏ မေးကြ,ဖြေကြတဲ့စကားဝိုင်းပုံစံနဲ့ ရေးသားမှာဖြစ်ပါကြောင်း ဝန်ခံတင်ပြအပ်ပါတယ်။

(စာရေးသူ)



Generated by CamScanner from intsig.com

## (၂) ပဏ္ဍိတာရုံဆရာတော်

**အစ်ကိုကြီး ။** အားလုံးဒို့မိသားစုသိအောင်လုပ်ပါ ဓမ္မသင်တန်း ခန်းမမှာသင်တန်းသား သင်တန်းသူများစုံကြပါပြီလားညီလေးညီမလေးတို့။

**ညီ၊ ညီမများ။** စုံပါပြီအစ်ကိုကြီး။

**အစ်ကိုကြီး။** ဒီနေ့သင်တန်းအစဖြစ်လို့ အားလုံးလက်အုပ်ချီပြီး နမောဝဿ ဘုရားရှိခိုးနဲ့ သုံးကြိမ်ရွတ်ဆိုရှိခိုးပြီး သင်တန်းစလိုက်ကြရအောင်ကွယ်။

**ညီ၊ ညီမများ။** ကောင်းပါတယ်အစ်ကိုကြီး။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ (သုံးကြိမ်)

**အစ်ကိုကြီး။** အားလုံးလက်အုပ်ကလေးတွေချပြီး ချမ်းသာသလိုနေကြပါကွယ်။

**ညီ၊ ညီမများ။** ကောင်းပါပြီအစ်ကိုကြီး။

**ညီ-ဖိုးထိန်။** အစ်ကိုကြီးအဲဒီနမောတဿဘုရားရှိခိုးကဘယ်တုန်းကစပေါ်တာလဲ?။ဘယ်သူတွေရှိခိုးခဲ့တာလဲ?။ဂါထာလို့မှတ်ရမှာလား?။စုတ္တံယလို့မှတ်ရမှာလား?။



## (၃) သိအောင်လုပ်ပါ

**အစ်ကိုကြီး။** အောင်မယ် စမှမစရသေးဘူး ဖိုးထိန်တို့ကတော့ မေးချလိုက်တာ အမေးသုံးမျိုးကို တစ်ခါတည်းမေးချလိုက်တာမောသွားပါမယ်ရေလေးဘာလေးများသောက်ပါဦးကွယ်။

**ညီ၊ ဖိုးထိန်။** ရပါတယ်အစ်ကိုကြီး ကျွန်တော်ကအဲဒါကိုတော်တော်သိချင်နေတာအစ်ကိုကြီး။

**အစ်ကိုကြီး။** ကဲဖိုးထိန်သိချင်တာတွေကို အစ်ကိုကြီး တစ်ခုစီရှင်းပြပါမယ် အားလုံးလဲဖိုးထိန်လိုသိသွားအောင် နားထောင်ကြ။

**ညီ၊ ညီမများ။** ဟုတ်ကဲ့ပါအစ်ကိုကြီး။

**အစ်ကိုကြီး။** ဒို့ဂေါတမဗုဒ္ဓပွင့်တော်မူတဲ့ဘဒ္ဒကမ္ဘာကပြန်ရေတွက်ရင်(၉၂)ကမ္ဘာမှာ ဖုဿဘုရားဆိုတာ ပွင့်တော်မူပါတယ်။အဲဒီဖုဿဘုရားရဲ့ခမည်းတော်ကြီးက မဟာမဟိန္ဒမင်ကြီး ဖြစ်ပါတယ်မဟာမဟိန္ဒမင်းကြီးဟာ ငါ၏သားအကြီးကားဘုရား၊သားအငယ်ကားပထမအဂ္ဂသာဝက၊ပုရောဟိတ်ပုဏ္ဏား၏သားကား ဒုတိယအဂ္ဂသာဝက လို့ဆိုပြီး ဝမ်းမြောက်လွန်းလို့ "နမောတဿ ဘဂဝတော အရဟ-



Generated by CamScanner from intsig.com

တောသမွှာသမ္မုဒ္ဓသ"လို့သုံးကြိမ်ဉဒါန်းကျူးပါသတဲ့ကွယ် ကျန်တဲ့(၇)ယောက်ကတော့ဗိုဂေါတမဗုဒ္ဓလက်ထက်မှာ နမောတဿနဲ့ ဉဒါန်းကျူးကျသူတွေ ဖြစ်ပါ တယ်။

ဒါဆိုရင်နမောတဿဘုရားရှိခိုးဘယ်အချိန်က စပေါ်ခဲ့တယ်ဆိုတာသဘောပေါက်လက်ခံလောက်ပါပြီ အားလုံးနားလည်ကြရဲ့လား?။

*ညီ၊ ညီမများ။* နားလည်ပါတယ်အစ်ကိုကြီး။

*အစ်ကိုကြီး။* ဒါဆိုရင်ရှေ့ဆက်ဖြေပေးပါမယ် ဘယ်သူ တွေကရှိခိုးတာလဲဆိုရင်တော့ အဲဒီမဟာမဟိန္ဒမင်းကြီးအပါ အဝင်(၈)ယောက်ကို ကျမ်းကိုးနဲ့တကွ မှတ်လိုက်ကြပါကွယ်။

၁။ မဟာမဟိန္ဒမင်းကြီး- ဓမ္မပဒ၊ဋ္ဌ၊ပ၊၆၄။

၂။ သိကြားမင်းကြီး- သုတ်မဟာဝါပါဠိ၊၂၃၀။

၃။ ကောသလမင်းကြီး- မဇ္ဈိမပဏ္ဏာသပါဠိ၊ပိယဇာတိ ကသုတ်၊၃၁၄။

၄။ အာရာမဒဏ္ဍပုဏ္ဏား- အင်္ဂုတ္တိုရ်ဒုကနိပါတ်၊သမစိတ္တ ဝဂ်၊၆၈။

၅။ ကရဏပါလီပုဏ္ဏား- အင်္ဂုတ္တိုရ်ပဉ္စကနိပါတ်၊ကရပါ လီသုတ်၊၂၀၈။





၆။ ဇာဏုသောဏိပုဏ္ဏား- မူလပဏ္ဏာသပါဠိ၊စူဠဟတ္ထိပ ဒေါပမသုတ်၊၂၃၅။

၇။ ဓနဉ္စာနီပုဏ္ဏေးမ- သံ၊၁၊၁၆၂၊ မဇ္ဈိမပဏ္ဏာသ၊ သင်္ဂါရဝသုတ်၊၄၂၄။

၈။ ဗြဟ္မာယုပုဏ္ဏား- မဇ္ဈိမပဏ္ဏာသပါဠိ၊ဗြဟ္မာယု သုတ်၊၃၄၁။

*ညီ၊ ညီမများ ။* စာလိုမှတ်ပြီးတော့ ဆောင်ပုဒ်ကလေးပါ ရအောင်လိုက်ဆိုလိုက်ပါကွယ်။

ဆောင်။ မဟိန္ဒမင်း၊သိကြားမင်းနှင့်၊မင်းကောသလေ၊ဗြဟ္မ ဏကား၊အာရာမဒဏ်၊ကရဏ်ပါလီ၊ဇာနုံဇာဏု၊ ဗြဟ္မာယုတို့၊ဉဒါန်းသဘော၊ဤသို့ဟော၊နမောတ ဿရှစ်၊တဲ့ သုံးခေါက်ဆိုပါကွယ်၊ရပြီလားဟေ့။

*ညီ၊ ညီမများ။* ရပါပြီအစ်ကိုကြီး။

*အစ်ကိုကြီး။* ဒို့ညီ/ညီမတွေက တယ်ဉာဏ်ကောင်းတာပဲ။

*ညီ၊ ညီမများ။* အစ်ကိုကြီးရဲ့ညီ/ညီမတွေဘဲလေ။

*အစ်ကိုကြီး။* ဂါထာလား?စုဏ္ဏိယလားဆိုတာကတော့ လောကီဆန်းကျမ်းလက္ခဏာတွေနဲ့ ဂါထာစစ်လို့မရတဲ့ ငါးပါဒရှိတဲ့လေးလုံးဘွဲ့ဂါထာလို့ ဆိုပါတယ်ကွယ်။



Generated by CamScanner from intsig.com

## (၆) ပဋ္ဌာန်းဘောဂုံအရာတော်

ဒါကတော့သံယုတ်ဋ္ဌကထာ-၂၅၄။အရဖြေပေးတာပါ။ ဒါကြောင့်နမောတဿ-ကိုရွတ်တဲ့အခါမှာ နမောတဿ၊ ဘဂဝတော၊အရဟတော၊သမ္မာသမ္ဗုဒ္ဓဿလို့ရွတ်ရမယ်လို့ မိန့်ဆို တော်မူကြပါတယ်။မြတ်စွာဘုရားကို အလွန်ကြည် ညိုပြီးသုံးကြိမ်ဥဒါန်းကျူးတဲ့ပါဠိစကားဖြစ်လို့ ဥဒါန်းတင် ဘုရား ရှိခိုး စုဏ္ဏိယလို့ယူတာလဲရှိပါတယ်ကွယ်။

ဒါဆိုရင်တော့ မောင်ဖိုးထိန် ကျေနပ်နှစ်သက်လက်ခံ လိမ့်မယ်လို့ယူဆပါတယ်၊ကျန်တဲ့ ညီ/ညီမလေးများလဲ နားလည် လက်ခံနိုင်ကြပါရဲ့လား?။

ညီ၊ ညီမများ။ နားလည်လက်ခံသဘောပေါက်ပါတယ် အစ်-ကိုကြီး။

အနက်ပေးတဲ့နေရာမှာ-------

အရဟတော၊လူမင်းနတ်မင်းဗြဟ္မာမင်းတို့၏ ဝတ်စင်း ကော်ရော်ပူဇော်အထူးကို ခံတော်မူထိုက်ထသော။ သမ္မာ သမ္ဗုဒ္ဓဿ၊အလုံးစုံသောတရားတို့ကို မဖေါက်မပြန်ဆရာ မကူ သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလိုသာလျှင် သိတော်မူ ထသော။

တဿဘဂဝတော၊ထိုက္ကဿရိယစသည်အပြား ဘုန်း ခြောက်ပါးရှင်၊ဘုရားရှင်အား။နမော၊ရိုသေမြတ်နိုးမာန်ညွတ်



## (၇) သိအောင်လုပ်ပါ

ကျိုး၍ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။လို့"တ"သဒ္ဒနာမ် ပုဒ် ကို ဘဂဝတောနဲ့ တွဲစပ်အနက်ယောဇနာတဲ့"ပသိဒ္ဓ ဝိသယ တ"အဖြစ်ယူဆရင်တော့ စုဏ္ဏိယလို့ ယူဆလို့ရပါ တယ်။ ဒီအနက်ပေးနည်းကို"သဂုဏဒဗ္ဗပေက္ခ"အနက် ပေးနည်းလို့လဲခေါ်ပါတယ်၊မြန်မာလိုကတော့ သဒ္ဒါနာမ် အစွဲကို ဂုဏ်နှင့်တကွ ဒြပ်ကိုငဲ့ပြီး အနက်ပေးနည်းလို့ ခေါ်ပါတယ်။

ညီမ-အစ်ကိုကြီးတို့ရေးတဲ့ အခွင့်ဆိုတဲ့ စာအုပ်စာမျက်နှာ (၆)မှာ - မောဟကြီးက၊ရောဂါထ၊နာရကပ်ကြီးဆိုက်။

ဤသတ္တဝါတို့ကား များသောအားဖြင့် နတ်ရွာသို့စိုက် ရောက်ကြ၏၊လို့ရေးထားတာ ညီမလေးမရှင်းလို့ရှင်းပေး ပါ အစ်ကိုကြီး။

အစ်ကိုကြီး။ အေးညီမလေးမိစုလိုပဲ မရှင်းတဲ့သူတွေများ တယ်ကွဲ့. အစ်ကိုကြီးရဲ့စာရေးမကျွမ်းကျင်တဲ့ အပိုင်းလဲ ဖြစ်နိုင်ပါတယ်ကွယ် အဲဒီစာအုပ်ကလေးက လိုတိုရှင်း ရေးထားတာ အကျယ်သိချင်ရင် အညွှန်းကြည့်ပြီးရှာလိမ့် မယ်လို့လဲ နှလုံးသွင်မိလို့ပါကွယ်၊အဲဒီစာအုပ်ကလေးမှာ (သုတ်ပါထေယျ၊ပါ၊၆၀၊၄-၃၈၊)လို့ညွှန်းထားပါတယ်၊ပါဠိ

တော်မှာကတော့ သတ္တန္တရကပ် လို့ပဲဟောတော်မူပါ တယ်၊ အဋ္ဌကထာကြတော့ ကပ်သုံးပါးလို့ဖွင့်ပါတယ်။

မောဟသဒါယ ရောဂန္တရကပ္ပေါ။ ရောဂန္တရကပ္ပေန နဋ္ဌာ ယေဘုယျေန သင္ဂေနိဗ္ဗတ္တန္တိ။ကသ္မာ? တေသဦ "အဟောဝတညေသံ သတ္တာနံ ဧဝရူပေါ ရောဂေါ နဘဝေယျာ"တိ မေတ္တစိတ္တံ ဥပ္ပဇ္ဇတီတိ။လို့ဖွင့်ပါတယ်။ မြန်မာပြန်ကတော့-သတ္တဝါတွေ မောဟများပြားလာရင် ရောဂန္တရကပ်နဲ့ ကြုံရတတ်တယ် ရောဂါခံစားပြီးသေကြတယ်ပေါ့ ဒါလဲသော်တော်သဘာဝကျပါတယ်၊မောဟဆိုတာမသိတာပါ လောကမှာအကြောင်းအကျိုးအကောင်းအဆိုး အမှားအမှန် ခွဲခြားမသိတာကစလို့ သစ္စာတရားတွေမသိတာအထိ ဒီမောဟရဲ့လက်ချက်ကြောင့်ပါဘဲ ဒီမောဟကိုပဲ သသရာရဲ့ ရထားခေါင်းတွဲအဝိဇ္ဇာလို့လဲ ဟောတော်မူပါသေးတယ်၊မောဟကနေ အမောဟဖြစ်ချင်ရင်တော့ သတိရှိဖို့လိုတာပေါ့ သတိဆိုတာ တံခါးစောင့်နဲ့တူပါတယ် အိမ်မှာတံခါးစောင့်ရှိရင် ရန်သူလူဆိုးသူခိုး ဓားပြတွေ မဝင်နိုင်သလို သတိဆိုတဲ့တံခါးစောင့်ရှိရင် မောဟဆိုတဲ့ ရန်သူလူဆိုးသူခိုးဓားပြတွေ မိမိစိတ်ထဲ





ကိုမဝင်နိုင်ဘူးပေါ့ ဒီတံခါးစောင့်ကလဲ ရန်သူနဲ့မိတ်ဆွေခွဲသိတတ်တဲ့ ပညာရှိဘို့တော့လိုတာပေါ့ ဒီတော့ အိမ်ကိုရွာကို မြို့ကိုနိုင်ငံကိုလုံခြုံစေချင်တယ်ဆိုရင် ကိုသတိနဲ့ကိုပညာတို့ကို အစောင့်ထားလိုက်ပေါ့ အဲ့ဒီလိုပါဘဲ မိမိရဲ့ကောင်းတဲ့စိတ်ဆိုတဲ့ အိမ်ကလေး,ရွာကလေး,မြို့ကလေး နိုင်ငံကလေးကို လုံခြုံစေချင်တယ် ဘေးမသိ ရန်မခစေချင်ဘူး လောဘ,ဒေါသ,မောဟဆိုတဲ့ ရန်သူ သူခိုးဓားပြတွေ မဝင်စေချင်ဘူးဆိုရင် သတိ+ပညာ-အစောင့်လေးအမြဲချထားပေါ့ကွယ် ကဲမိစုတို့အိမ်မှာ တံခါးစောင့်ရှိပြီလား?။

*မိစု*။ မရှိသေးပါဘူးအစ်ကိုကြီး။ (အားလုံးရယ်ကြသည်)

*အစ်ကိုကြီး*။ ရှိအောင်ကြိုးစားရမယ်နော် မသိခင်ကမရှိပေမဲ့ သိလာတဲ့အခါမှာ ရှိအောင်လုပ်ကြရမယ် အားလုံးသဘောပေါက်ကြရဲ့လား?။

*ညီ၊ ညီမများ*။ ပေါက်ပါတယ်အစ်ကိုကြီး။

*အစ်ကိုကြီး*။ ဒါကြောင့်အစ်ကိုကြီးပြောနေကျစကားလုံးလေး တစ်လုံးရှိတယ်အဲ့ဒါဘာလဲ?။



Generated by CamScanner from intsig.com

ညီမမိပု။ သိအောင်လုပ်ပါဆိုတဲ့စကားလုံးပါ အစ်ကိုကြီး။

အစ်ကိုကြီး။ အေးဟုတ်ပြီ ငါ့ညီမ မိပုက အဟုတ်ကြီးလား လောကကြီးမှာအရာရာသိသားဘို့မလိုဘူးလားကွယ်။

ညီ/ ညီမများ။ လိုပါတယ်အစ်ကိုကြီး။

အစ်ကိုကြီး။ အားလုံးမဟုတ်တောင်မှ တော်တော်များများ သိထားဘို့ မလိုဘူးလား?။

ညီ/ ညီမများ။ လိုပါတယ်အစ်ကိုကြီး။

အစ်ကိုကြီး။ သိပြီးရင်ကောဘာဆက်လုပ်ရမလဲ?။

ညီ/ ညီမများ။ သိပြီးရင်မကောင်းတာကိုရှောင်ပြီး ကောင်းတာကိုဆောင်ရမှာပါအစ်ကိုကြီး။

အစ်ကိုကြီး။ အေးဟုတ်တယ် ကလေးတို့က တယ်တော်ကြပါလား ဆောင်ထားပြီးရင်ဆက်ပြီးတော့ ကျင့်ဖို့ကော မလိုဘူးလား?။

ညီ/ ညီမများ။လိုပါတယ်အစ်ကိုကြီး။

အစ်ကိုကြီး။ သိတယ်ဆိုတာက ဝိဇ္ဇာ-လို့ခေါ်ပါတယ် ကျင့်တယ်ဆိုတာက စရဏ-လို့ခေါ်ပါတယ် ဝိဇ္ဇာ နဲ့ စရဏ တစ်သားထဲ ကျသွားရင် လူတော်လူကောင်းဆိုတာ





ဖြစ်လာပါသတဲ့ကွယ်။

အစ်ကိုကြီး။ ကဲအခြားရောက်သွားလို့ မိစုမေးတဲ့အခွင့် စာအုပ်က စကားလေးပျောက်သွားအုံးမယ် အဲ့ဒီအဋ္ဌကထာက----ရောဂန္တရကပ္ပေန နဋ္ဌာ ယေဘုယျေန သတ္တေ နိဗ္ဗတ္တန္တိ။ လို့ ဖွင့်ပါတယ် မြန်မာပြန်က-ရောဂါနဲ့သေသူတွေဟာ များသောအားဖြင့် နတ်ပြည်ကိုရောက်ကြတယ် တဲ့။ အဲ့ဒါကိုကြည့်ပြီး---------

"ရောဂါနဲ့သေထိုသူတွေရောက်လေနတ်ရွာတဲ့" လို့ တောင်လင်္ကာလေးရေးထားပါသေးတယ်။

ဒါကိုအကြောင်းပြချင်လို့ အဋ္ဌကထာဆရာကြီးက-ကသ္မာ? တေသဉ္စိ"အပ္ပေါဝတညေသံ သတ္တာနံ ဧဝရူပေါ ရောဂေါ နဘဝေယျာ"တိ မေတ္တာစိတ္တံ ဥပ္ပဇ္ဇတီတိ။လို့ဆက်ဖွင့်ပါတယ်။

မြန်မာပြန်ကတော့။ဘာ့ကြောင့်ရောဂါနဲ့သေတဲ့သူတွေများသောအားဖြင့် နတ်ပြည်ရောက်တာလဲ? လို့သူကိုယ်တိုင်မေးပြပါတယ် မိစုတို့လိုမရှင်းတဲ့သူတွေ ရှင်းအောင်သေသေချာချာကို ဖွင့်ပြရှာတာပါကွယ်။အော်ဒီရောဂါကြီးခံစားရတာဆင်းရဲလိုက်တာ ငါမှတပါးသောသတ္တဝါ



Generated by CamScanner from intsig.com

တွေ ဒီလိုဆင်းရဲတဲ့ ဒုက္ခဝေဒနာကြီး,ရောဂါကြီးကို ငါကဲ့သို့ မခံစားရပါစေနဲ့ ဒုက္ခဝေဒနာကကင်းလွတ်ကြပါစေလို့ မေတ္တာစိတ်ဖြစ်သတဲ့ကွယ် အဲ့ဒီမေတ္တာစိတ်နဲ့ သေသွားရင်နတ်ပြည်ရောက်တာပေ့ါ ရောဂါခံစားရတဲ့ပုဂ္ဂိုလ်သည် မေတ္တာစိတ်နဲ့ သေသွားသောကြောင့် နတ်ပြည်ရောက်တယ်လို့မှတ်လိုက်ပါ။ မေးတဲ့ညီမလေးမိစုနဲ့တကွ အားလုံးညီ/ညီမလေးတွေ သဘောပေါက်လက်ခံကြရဲ့လား?

ညီ/ညီမများ။ သဘောပေါက်လက်ခံပါတယ်အစ်ကိုကြီး။

အစ်ကိုကြီး။ ဒီနေရာမှာ အဋ္ဌကထာဆရာကြီးက ယေဘုယျေန -ဆို တဲ့စကားလုံးလေးသုံးထားတယ် ယေဘုယျေန-ဆိုတာမြန်မာလိုတော့များသောအားဖြင့်လို့အဓိပ္ပါယ်ရပါတယ် များသောအားဖြင့်ဆိုတော့ဆန့်ကျင်ဘက်(ဗျတိရေက)စကားလုံးလေးသုံးကြည့်ကြစမ်းပါ။

ဖိုးမောင် ။ နည်းသောအားဖြင့်ပါအစ်ကိုကြီး။

အစ်ကိုကြီး။ ဖိုးမောင်ကတယ်တော်ပါလား အားလုံးဖိုးမောင်ပြောတာထောက်ခံကြရဲ့လား။





ညီ/ညီမများ ။ ထောက်ခံပါတယ်အစ်ကိုကြီး။

အစ်ကိုကြီး။ ရောဂါနဲ့သေသူတိုင်းနတ်ပြည်ရောက်မယ်လို့ မဆိုလိုဘူး မေတ္တာနဲ့သေရင်နတ်ပြည်ရောက်မယ်အကယ်၍ဒီရောဂါခံစားနေရတဲ့သူ လူနည်းစုက ငါ့မှာမှဒီရောဂါကဖြစ်ရသလား သူများတွေလဲဖြစ်သင့်တာဘဲ အောင်မလေးနာလိုက်တာ ကိုက်လိုက်တာ အမေရေကယ်ပါဦး အဖေရေကယ်ပါဦးနဲ့ ကြုံးအော်နေပြီး စိတ်ဆိုးတဲ့ဒေါမနဿတွေ,ဒေါသတွေနဲ့ သေသွားရင်နတ်ပြည်ရောက်နိုင်ပါ့မလား? ငရဲမရောက်နိုင်ဘူးလား?

ညီ/ညီမများ။ ငရဲရောက်နိုင်ပါတယ်အစ်ကိုကြီး။

အစ်ကိုကြီး။ အေးဒါ့ကြောင့်အချို့နည်းသောအားဖြင့်မေတ္တာမထားနိုင်ဘဲဒေါသတွေဖြစ်တဲ့သူတွေငရဲရောက်နိုင်တယ်ဆိုတာကိုသိအောင်လို့ အဋ္ဌကထာဆရာကြီးက ယေဘုယျေန-လို့ထည့်ဖွင့်တာအင်မတန်စေ့စပ်သေချာတော်မူတယ် ကြည်ညိုဘို့ မကောင်းဘူးလား?။

ညီ/ညီမများ။ ကြည်ညိုစရာကောင်းပါတယ်အစ်ကိုကြီး။

မိအေး ။ မိစုတို့အိမ်မှာ ကိုသတိနဲ့+ကိုပညာကို တံခါး



Generated by CamScanner from intsig.com

စောင့်ထားဆိုတော့ ကိုသတိနဲ့ကိုပညာက ရန်သူနဲ့မိတ်ဆွေ ဘယ်လိုခွဲခြားတယ်ဆိုတာကိုသိချင်ပါတယ်အစ်ကိုကြီး။

အစ်ကိုကြီး။ အောင်မယ်အောင်မယ်မိအေးကလဲအလာကြီးပါလား။

ညီ-ဖိုးပိန် ။ လာလို့ဒီရောက်နေတာပေါ့ အစ်ကိုကြီး

(အားလုံးဝိုင်းရယ်)

အစ်ကိုကြီး။ ဖိုးပိန်နော် မင်းကနာမည်နဲ့လိုက်အောင်ပိန်တယ် အရွတ်အနောက်ကလဲပြောတတ်တယ်။

အစ်ကိုကြီး ။ ဒါလဲမေးသင့်တဲ့မေးခွန်းပါဘဲကွယ်

ပထမရန်သူကိုဖြေပေးပါမယ်၊ရန်သူဆိုတာ---

၁။ရေရန်သူ ၂။မီးရန်သူ ၃။မင်းရန်သူ ၄။သူခိုးဓားပြရန်သူ ၅။မလိုမုန်းတီးသူ,အမွေခံ သားသမီးဆိုးရန်သူ-လို့------

၁။ ရေဟာ သောက်ရေ သုံးဆောင်ရေ လယ်ယာကိုင်းကျွန်း လုပ်ဆောင်တဲ့နေရာတွေမှာ မရှိမဖြစ်လိုအပ်တဲ့မိတ်ဆွေပါ သို့သော်သတိနဲ့ပညာမယှဉ်ဘဲ အလွန်အကျွန်သောက်သုံးတာ သုံးစွဲတာမျိုးရှိခဲ့ရင် ရန်သူဖြစ်သွားတာပါဘဲ၊ရေကြီးခြင်း,ရေလွှမ်းမိုးခြင်းတွေနဲ့ ကြုံတွေ့ရပြီ





ဆိုရင်တော့ ရေဘေးရေရန်သူဖြစ်သွားတာပေါ့ ထင်ရှားအောင်ပြောရရင် စူနာမီ ငလျှင်ကြောင့်ဖြစ်လာတဲ့ စူနာမီရေလှိုင်းကြီးတွေ နာဂစ်လှိုင်းလုံးကြီးတွေ ရေစည်ကြီးတွေက သတ္တဝါတွေရဲ့ အသက်ပေါင်းများစွာကို ဝါးမျိုသွားခဲ့ကြတာတွေဟာ ရေဆိုတဲ့ ရန်သူပေါ့ကွယ်။

၂။ မီးရန်သူဟာလည်းဒီလိုပါဘဲ မီးကိုသတိပညာနဲ့သုံးစွဲရင် မရှိမဖြစ်လိုအပ်တဲ့ မိတ်ဆွေပါဘဲ သို့သော်သတိပညာချွတ်ယွင်းသွားလို့ပေါ့စမီးကစတစ်ရွာလုံးတစ်ရပ်ကွက်လုံး တစ်မြို့လုံးလောင်တဲ့မီးတွေ အာဖရိကမှာငြိမ်းသတ်လို့ခက်ခဲအောင် လောင်တဲ့သစ်တောမီးတွေ မီးတောင်ကြီးတွေပေါက်ကွဲလို့ အသက်ပေါင်းများစွာ အိုးအိမ်စည်းစိမ်ပေါင်းများစွာ ဆုံးရှုံးပျက်စီးရတာတွေကျတော့ မီးဆိုတဲ့ရန်သူပေါ့ကွယ်။

၃။ မင်းရန်သူဆိုတဲ့နေရာမှာလဲ တိုင်းသားပြည်သူတွေအပေါ်မှာ"ရာဇဓမ္မ" မင်းကျင့်တရား(၁၀)ပါးနဲ အုပ်ချုပ်တဲ့မင်း တိုင်းသားပြည်သူတွေအပေါ်မှာ သင်္ဂဟတရားလေးပါးနဲ့ အုပ်ချုပ်တဲ့မင်းတွေဟာ ရန်သူမင်းထဲမှာမပါပါဘူး အဲ့ဒီတရားတွေကနေ သွေဖီပြီးအုပ်ချုပ်တဲ့ မင်းမျိုး



Generated by CamScanner from intsig.com

တွေကတော့ မင်းရန်သူထဲမှာပါတာပေါ့ကွယ်။

၄။ သူခိုးတို့ ဓားပြတို့ဆိုတာမိမိတို့အိမ်အခိုးမခံရအောင် မိပ်ပ်ဆွေဖွဲ့ထားလိုက်လို့ သက်သာနေပေမဲ့ အခြားအိမ်တွေကိုတော့ ခိုးမှာတိုက်မှာပါဘဲ ကိုယ့်အိမ်လဲ တနေ့ အခိုးခံရ အတိုက်ခံရမှာပါဘဲ အဲဒီအခါကျရင်တော့ ဘယ်လိုမှ မိတ်ဆွေလို့ သတ်မှတ်လို့မရတော့ပါဘူး ရန်သူဖြစ်သွားပါပြီ ဒီလိုခိုးတတ်သူ တိုက်တတ်သူတွေကို သူခိုး၂၂ ဓားပြဘဲလို့ ကိုသတိနဲ့ ကိုပညာအစောင့်တွေက အချက်ပြရင် ကိုဝိရိယ ကြိုတင်ကာကွယ်မှုတွေ ပြုထားမှာပါ။

၅။ အမွေခံ သားသမီးဆိုး ရန်သူဆိုတာကတော့ သားသမီးဆိုတာလဲ အမွေခံထိုက်တဲ့ သားသမီး အမွေမခံထိုက်တဲ့ သားသမီးလို့ နှစ်မျိုးရှိတယ်ကွဲ့၊တပည့်မှာလဲ ဒီအတိုင်းပေါ့ အမွေခံထိုက်တဲ့ သားသမီးတပည့်ဆိုတာက မိဘဆရာသမားရဲ့စကားကို မြေ၀ယ်မကျနားထောင်ပြီး မိဘဆရာသမားတို့ဖြစ်စေချင်တဲ့ ပုံစံအတိုင်း ဖြစ်အောင်အားထုတ်တဲ့ သားသမီးတွေ တပည့်တွေကို ဆိုလိုပါတယ်။

အမွေမခံထိုက်တဲ့သားသမီးတပည့်ဆိုတာကျတော့ မိဘတွေ





ဆရာသမားတွေက ဖြစ်ချင်တာကတစ်ပုံစံ သူတို့လုပ်တာက တစ်ပုံစံ ဒီနေရာမှာ မိဘတွေဖြစ်စေချင်တာမဖြစ်တာနဲ့တော့ သားသမီးဆိုးလို့ပြောလို့မရပါဘူး ဥပမာဒို့ဘုရားလောင်းသိဒ္ဓတ္ထ ခမည်းတော် သုဒ္ဓေါဓနမင်းကြီးက စကြာ၀တေးမင်းဖြစ်စေချင်တယ် သိဒ္ဓတ္ထက ဘုရားဖြစ်လာတယ် ဒါကိုသားသမီးဆိုးလို့ ပြောလို့မရပါဘူး(အတိဇာတသား)လို့တောင်ဆိုအပ်ပါတယ် ဆိုလိုတာကမိဘဆရာသမားကျေးဇူးကို မသိ မသိတော့မပေးဆပ် အမျိုးဂုဏ်သိက္ခာကျဆင်းမဲ့ အလုပ်မှန်သမျှလုပ်ပြီး ဖြုန်းတီးဖျက်ဆီးနေတဲ့ သားသမီးမျိုး တပည့်မျိုးပေါ့ကွယ်၊ထင်ရှားအောင်ပြောရရင်တော့ ဓနသေဋ္ဌိသူဌေးသားလိုပေါ့ ကုဋေရှစ်ဆယ်အမွေတွေကို သောက်စားမူးရူးပြီး ဖြုန်းတီးပစ်တဲ့ သားသမီးဖြစ်လို့ ရန်သူစာရင်း၀င်သွားတာပေါ့"မုသိလ" လို့ဆရာကို အန်တုပြိုင်နေတဲ့ တပည့်တွေကျတော့လည်း တပည့်ဆိုးထဲပါသွားတာပေါ့။

အခွင့်ဆိုတဲ့ စာအုပ်လေးထဲမှာ----------

ဆောင်။ ယောက်ပြန်သောရေမီးမင်းတွေမှတ်လေသူနိုး
အမွေခံဆိုးထိုးမျိုးရန်သူတွေ။လို့



Generated by CamScanner from intsig.com

နေးထားတယ်ရအောင်ကျက်ထားလိုက်ပါ။

နောက်တစ်မျိုး စာဏာကျပ်ျို့မှာ ရန်သူလေးမျိုးပြထား ပါသေးတယ်။

၁။ ကျေးသည့်ဖခင်ကျေးဇူးရှင်လည်းကြွေးတင်အောင်သာ
မြူလုပ်ပါမူသေချာစိစစ်ရန်သူဖြစ်၏။တဲ့

သားသမီးသာရန်သူဖြစ်တာမဟုတ်ပါဘူး သားသမီးတို့ရဲ့အဖေတွေဟာလဲ အဖေမပီသဘဲ သားသမီးတို့အပေါ်မှာပြုသင့်ပြုထိုက်တဲ့ ဝတ်တရားတွေပျက်ကွက်ပြီး ဝတ်ဘရားကြွေးတွေတင်နေမယ်ဆိုရင် အဲ့ဒီအဖေဟာ သားသမီးတို့ရဲ့ ရန်သူဖြစ်ပါသတဲ့ကွယ်။

၂။ အချစ်ပိုအင်မွေးမိခင်လည်းပျော်ရွှင်မိုက်မှား
လင်ငယ်ထားမူမှတ်သားစဝ်စစ်ရန်သူဖြစ်၏။တဲ့

သားသမီးတို့ရဲ့ မွေးမိခင်ဟာလဲလင်သားအပေါ်သစ္စာဖေါက် သားသမီးတို့မျက်နှာကိုမထောက်ဘဲ ပျော်ရွှင်မှုတစ်ခုကို ဦးစားပေးပြီး လင်ငယ်ထားမယ်ဆိုရင်သားသမီးတို့ရဲ့ ရန်-သူဖြစ်သွားပါသတဲ့ကွယ်။

၃။ မေတ္တာဆပွားချစ်မယားလည်းအများငေးမျှ
အလွန်လှမူမှတ်ကြစဝ်စစ်ရန်သူဖြစ်၏။တဲ့ မိမိချစ်





ရတဲ့မယားဟာလဲ အလွန်လှပပြီး အများငေးလောက်အောင် လှပလာရင်ကိုယ့်အတွက် ရန်သူဖြစ်သွားတော့တာပါဘဲ၊ မယားအလှကြောင့် သူ့မယားလိုချင် သူ့လင်လုံနဲ့ထိုးဆိုတဲ့စကားကို မယားအလှကိုတပ်မက်သူတွေကြောင့်မယားအလှက မိမိရန်သူ ဘဝရောက်သွားတာပါဘဲ။

၄။ ရင်နှစ်ခေါ် ငြားသမီးသားလည်းသင်ကြားပညာ
ကင်းမဲ့ပါမူမှတ်ရာစဝ်စစ်ရန်သူဖြစ်၏။တဲ့----

ပညာမသင်ကြား ပညာမတတ်တဲ့ သားသမီးဟာလဲ မိဘရဲ့ရန်သူဖြစ်သွားတယ်တဲ့။

တစ်ခါက အတွေးအခေါ်မရှိတဲ့ သားအဖနှစ်ယောက် သစ်တုံးဖြတ်ပြီးထင်းပေါက်နေရာမှ အဖေရဲ့ နဖူးမှာ (ယင်ကောင်)လာနားလို့ အဖေက ယင်ကောင်ကို လက်နဲ့ပုတ်ပြီး ရှုတ်လိုက်တဲ့ယင်ကောင်လို့ ပြောသတဲ့ သားက ဒီတစ်ခါ လာနားရင် သားပုတ်ပေးမယ်လို့ ပြောတယ်တဲ့ လာလဲနားရော ထင်းခွဲရင်းထုတဲ့တင်းပုတ်နဲ့ အဖေရဲ့နဖူးကို ထုလိုက်တာ အဖေသေပါလေရော ဒီနေရာမှာ သားက အဖေကိုသေစေလိုတာလား? ယင်ကောင်ကိုသေစေလို



Generated by CamScanner from intsig.com

တာလား?။

ညီ၊ ညီမများ။ ယင်ကောင်ကိုသေစေလိုတာပါအစ်ကိုကြီး

အစ်ကိုကြီး။ အခုဘယ်သူသေသွားလဲ?။

ညီ၊ ညီမများ။ အဖေသေသွားတာပါအစ်ကိုကြီး။

အစ်ကိုကြီး ။ ဒီနေရာမှာ ဒီတင်းပုတ်ကြီးနဲ့ ထုလိုက်ရင် ယင်ကောင်မက အဖေပါသေသွားလိမ့်မယ်လို့ ဒီသား သိသလား?။

ညီ၊ ညီမများ ။ မသိပါဘူးအစ်ကိုကြီး။

အစ်ကိုကြီး ။ ဘာဖြစ်လို့မသိတာပါလိမ့်။

ညီ၊ ညီမများ ။ ပညာမတတ်လို့ပါအစ်ကိုကြီး။

အစ်ကိုကြီး ။ အေးဒါကြောင့်ပညာမတတ်တဲ့သားသမီးဟာလဲ မိဘရဲ့ရန်သူဖြစ်သွားပါသတဲ့ကွယ်။

အစ်ကိုကြီး ။ ကိုယ်နဲ့အနီးဆုံးဖြစ်ပြီး ကိုယ့်ကိုဒုက္ခအမြဲပေးနေတဲ့ မြင်ဘို့ သိဘို့လဲအလွန်ခက်တဲ့ ရန်သူကြီးသုံးယောက်လဲ ရှိသေးတယ်ကွဲ့။

ညီ၊ ညီမများ။ အဲဒီရန်သူကြီးသုံးယောက်က ဘယ်သူတွေပါလဲ အစ်ကိုကြီး။





အစ်ကိုကြီး။ အဲဒီရန်သူကြီးသုံးယောက်ကတော့ လောဘ, ဒေါသ,မောဟ-ဆိုတဲ့ သုံးယောက်ပါပဲ သူတို့ကဘယ်လောက်နီးသလဲဆိုရင် အစ်ကိုကြီးတို့ ညီ,ညီမလေးတို့ရဲ့ ဒီခန္ဓာကိုယ်ကြီးထဲက စိတ်ထဲမှာဖြစ်နေတာ မနီးဘူးလားဟေ့?။

ညီ၊ ညီမများ ။ နီးပါတယ်အစ်ကိုကြီး။

အစ်ကိုကြီး ။ မိမိစိတ်ထဲမှာ လောဘ,ဒေါသ,မောဟဖြစ်နေတာကို သိတာနဲ့ မသိတာဘယ်ကများသလဲ?။

ညီ၊ ညီမများ။ မသိတာကများပါတယ်အစ်ကိုကြီး။

အစ်ကိုကြီး။ သိအောင်ဘယ်လိုလုပ်ရမလဲဆိုရင် ဒို့ခန္ဓာကိုယ်ကြီးကို အိမ်ကြီးတစ်လုံးလို သဘောထားလိုက်ပါ၊ အိမ်ကြီးမှာ တံခါးခြောက်ပေါက်ဖေါက်လိုက်ပါ ကဲအိမ်ဆောက်တံခါးပေါက်တွေ ဖေါက်ပြီးပြီလား?။

ညီ၊ ညီမများ။ ဖေါက်ပြီးပါပြီ အစ်ကိုကြီး။

အစ်ကိုကြီး ။ အဲဒီတံခါးတွေက မျက်စိ , နား ,နှာ,လျှာ, ကိုယ်,စိတ်-တဲ့ ဘယ်နှစ်ပေါက်ပါလိမ့်။

ညီ၊ ညီမများ။ ခြောက်ပေါက်ပါ အစ်ကိုကြီး။



Generated by CamScanner from intsig.com

*အစ်ကိုကြီး*။ မျက်စိနဲ့မြင်စရာ,အဆင်းနဲ့ဆုံတိုင်းဆုံတိုင်း, လိုချင်တာ,မုန်းတီးတာ,မသိတာ,လောဘ,ဒေါသ,မောဟ-ဆိုတဲ့ရန်သူကြီးတွေ ဝင်မလာဘူးလား သူတို့က အဖော် အပေါင်းက္ကသာ,မစ္ဆရိယ,မာန-စတဲ့ နောက်လိုက်နောက်ပါခိုးသားဓားပြတွေနဲ့ ဝင်မလာဘူးလား?။

*ညီ၊ညီမများ*။ ဝင်လာပါတယ်အစ်ကိုကြီး။

*အစ်ကိုကြီး* ။ သူတို့က ရန်သူတွေလားမိတ်ဆွေတွေလား လို့သိအောင် ဘယ်သူကိုတံခါးစောင့်ထားရမလဲ?။

*ညီ၊ညီမများ* ။ ကိုသတိနဲ့ ကိုပညာကို တံခါးစောင့်ထားရပါမယ် အစ်ကိုကြီး။

*အစ်ကိုကြီး* ။ ဒီကိုသတိနဲ့ ကိုပညာကိုမိစုတို့အိမ်မှာကော၊မိအေးတို့အိမ်မှာကော အားလုံးအစ်ကိုကြီးတို့ ညီလေး/ညီမလေးတို့ အိမ်တိုင်း အိမ်တိုင်းမှာ အစောင့်မထားသင့်ဘူးလား?။

*ညီ၊ညီမများ* ။ ထားသင့်ပါတယ်အစ်ကိုကြီး။

*အစ်ကိုကြီး* ။ ဒါဆိုညီမလေးမိအေး မေးတဲ့မေးခွန်းလဲ ကျေနပ်တဲ့အဖြေကိုရလောက်ပါပြီ အားလုံးကျေနပ်လက်





ခံနိုင်ပါရဲ့လား?။

*ညီ၊ညီမများ*။ ကျေနပ်လက်ခံပါတယ်အစ်ကိုကြီး။

*မောင်သုတ* ။ အစ်ကိုကြီး မိတ်ဆွေဆိုတဲ့နေရာမှာ မိတ်ဆွေအတုနဲ့ အစစ်ခွဲခြားပြီး သိချင်ပါတယ် ညီလေးနဲ့တကွ ကျန်တဲ့ညီ/ညီမတွေ သိရအောင်ရှင်းပြပါအစ်ကိုကြီး။

*အစ်ကိုကြီး* ။ အောင်မာ မောင်သုတကလဲမေးတတ်သား ပဲနေတော့သာ ကုတ်ကုတ်ကလေးနေတာ မေးတဲ့မေးခွန်းကတော့အဆင့်မြင့်သားဘဲ။

ဒါလဲမေးသင့်တဲ့စကားပါကွယ် ညီလေး/ညီမလေးတို့လူ့လောကမှာ လူ့ပတ်ဝန်းကျင်မှာ ကျင်လည်ကြတဲ့အခါမှာ မိတ်တု,မိတ်စစ်ဆိုတာသိထားသင့်တဲ့အရာပေါ့၊ရန်သူအစစ်ဟာကိုယ့်အကျိုးစီးပွားမဲ့ကို လုပ်လိမ့်မယ်လို့သိဘို့ရာ လွယ်ကူပေမယ့်မိတ်ဆွေယောင်ဆောင်တဲ့ ရန်သူ မိတ်ဆွေတုကျတော့ အသိရသိပ်ခက်ပါတယ်။ ပထမဆုံးမိတ်ဆွေတုလေးယောက်ကို မှတ်လိုက်ပါကွယ် မိတ်ဆွေတုလေးယောက်ဆိုတာ------

၁။ အညဒတ္ထုဟရ-မိတ်ဆွေတု-မြန်မာလိုတော့ယူသာယူတတ်သော မိတ်ဆွေအစစ်မဟုတ်သည့်မိတ်ဆွေတု။



Generated by CamScanner from intsig.com

## (၂၄) ပဏ္ဍိတာရုံဆရာတော်

၂။ ဝစီပရမ-မိတ်ဆွေတု။မြန်မာလိုတော့ နှုတ်ကတော့ကောင်း၊ လောကွတ်သာကောင်းပြီး လက်ကမပေးတတ်သော မိတ်ဆွေအစစ်မဟုတ်သည့်မိတ်ဆွေတု။

၃။ အနုပိယဘာဏီ-မိတ်ဆွေတု။မြန်မာလိုတော့ အကြိုက်ကိုလိုက်၍ပြောဆိုတတ်သော မိတ်ဆွေအစစ်မဟုတ်သည့်မိတ်ဆွေတု။

၄။ အပါယသဟာယ-မိတ်ဆွေတု။မြန်မာလိုကတော့ ကိုယ်မှာပျက်စီးဘေးရန်တွေတွေ့ခါမှ အပေါင်းအဖော်လာလုပ်တဲ့ မိတ်ဆွေအစစ်မဟုတ်သည့် မိတ်ဆွေတု ရယ်လို့ မိတ်ဆွေတုလေးယောက်ရှိကြောင်းကို မြတ်စွာဘုရားက သိင်္ဂါလသတိုးသားကို ဟောကြားထားတာရှိပါတယ်၊အဲ့ဒါလဲသိအောင် သိပြီးတဲ့အခါဒီလိုမိတ်ဆွေမျိုးကိုရှောင်ရအောင်မှတ်ထားလိုက်ပေါ့ကွယ်။

မောင်သုတ ။ အစ်ကိုကြီး အဲ့ဒီမိတ်ဆွေတုလေးယောက်ရဲ့ အင်္ဂါတွေကိုပါသိချင်ပါတယ်ခင်ဗျ။

အစ်ကိုကြီး။ ဟော့မောင်သုတကနာမည်နဲ့လိုက်အောင်တယ်စေ့စပ်ပါလား ဟုတ်တာပေါ့ပြည့်စုံသွားအောင်အစ်ကိုကြီးဖြေပေးပါမယ်၊နားထောင်ကြနော် ငိုက်မနေကြနဲ့။



## (၂၅) သိအောင်လှမ်း

သီ၊ သီမများ။ မငိုက်ပါဘူးအစ်ကိုကြီး။

အစ်ကိုကြီး။ ၁။ အညဒတ္ထုမိတ်ဆွေတုရဲ့အင်္ဂါဟာလေးမျိုးရှိပါသတဲ့-----

(က) ယူသာယူတတ်၏။

(ခ) နည်းသောဥစ္စာကိုပေးခြင်းဖြင့် များသောဥစ္စာကို အလိုရှိ၏။

(ဂ) မိမိဘေးဖြစ်မှ ထိုသူ့ကိစ္စကိုပြုလုပ်ပေးတတ်၏။

(ဃ) အကျိုးစီးပွားရလိုသောကြောင့် ဆည်းကပ်၏။

တဲ့ အဲ့ဒီလိုပုဂ္ဂိုလ်မျိုးဟာ မိတ်ဆွေစစ် ဘယ်ဖြစ်နိုင်မလဲ အတုသာဖြစ်နိုင်တာပေါ့ အဲဒီအင်္ဂါကိုလဲ နှုတ်တက်ရအောင် ဆောင်ပုဒ်ဂါလေးနဲ့ မှတ်လိုက်ပေါ့ကွယ် လိုက်ဆိုကြ။

**ဆောင်။** လက်ချည်းလာ၍ ၊ ဥစ္စာဆောင်သယ်၊ နည်းငယ်ပြင့်သာ၊ များစွာလိုရှိ ၊ ဘေးထိရောက်ခါ ၊ ပြုလာတဲ့ဘိ ၊ မိမိကျိုးငှါ မှီလာပေါင်းယှဉ် ၊ လေးယောက်စဉ်ကား၊ အညဒတ္ထုဟာရတည်း။

(ဆရာတော် ဦးဗုဓ်)

၂။ ဝစီပရမမိတ်ဆွေတုဆိုတာ-နှုတ်မျှဖြင့်သာလျှင် ပေးတတ်သောမိတ်ဆွေတုဆိုတာ----



Generated by CamScanner from intsig.com

(က) လွန်ပြီးသောအကြောင်းအရာဖြင့် ချီးမြှောက်ခြင်း၊ အဲဒါလေးကို ညီ/ညီမတွေနားလည်အောင် ဆက်ပြောပါမယ်၊လွန်ပြီးဆိုတာ အတိတ်ကာလကိုပြောတာပါ အတိတ်ကာလနဲ့ ဘယ်လို လောကွတ်လုပ်တာလဲဆိုတော့ ဒီနေ့လာတဲ့ ဧည့်သည်ကို ဟာကွာမနေ့ကဆို အိမ်မှာဟင်းကောင်းတွေချက်ထားတာ ဒီနေ့တော့ ငပိရေဟင်းနဲ့ပဲစားသွားတော့လို့ လွန်ပြီးတဲ့အကြောင်းအရာနဲ့ ချီးမြှောက်တဲ့မိတ်ဆွေတုကို ဆိုလိုပါတယ်။

(ခ) မဖြစ်သေးသောအကြောင်းအရာဖြင့် ချီးမြှောက်၏။ အဲဒါလဲ မဖြစ်သေးတဲ့အနာဂါတ်ကာလ ဥပမာ-ရှေ့လလောက်မှာ ကောက်စပါးပေါ်လိမ့်မယ် ခင်ဗျားလာခဲ့ပါယူ့တော့ ဘာမှကိုမရှိသေးပါဘူးဗျာလို့ မဖြစ်သေးသည့်အကြောင်းအရာဖြင့် ချီးမြှောက်တဲ့ မိတ်ဆွေတုကို ဆိုလိုပါတယ်။

(ဂ) အချိုးနှိုးလောကွတ်မှုဖြင့် ချီးမြှောက်၏၊ ဒါလဲရှိနေတာပါဘဲ၊ဒို့ပတ်ဝန်းကျင်မှာ အရပ်မြင့်တော့လည်းမြင့်လို့ကြည့်ကောင်းလိုက်တာ နိမ့်တော့လည်း နိမ့်လို့ ကြည့်ကောင်းလိုက်တာ အသားဖြူတော့လည်း ဖြူလို့ ကြည့်





ကောင်းလိုက်တာနဲ့ အချိုးနှိုးကပ်မြှောက်နေတဲ့ မိတ်ဆွေတုမျိုးကို ဆိုလိုပါတယ်ကွယ်။

(ဃ) ဖြစ်ဆဲကိစ္စတို့၌ ပျက်စီးခြင်းကိုပြသ၏။တဲ့-ဥပမာကားလေးတစ်ခေါက်လောက်ကူပါဦးလို့တောင်းခံတဲ့အခါ "ကားကပျက်နေတယ်ဗျ"လို့ ဖြစ်ဆဲပစ္စုပ္ပန်ကိစ္စတို့၌ပျက်စီးခြင်းကိုပြသတဲ့ မိတ်ဆွေစစ်မဟုတ်တဲ့ မိတ်ဆွေတုဖြစ်ပါသတဲ့ကွယ် ။ ဒါလဲဆောင်ပုဒ်ကလေးနဲ့ မှတ်ထားလိုက်ပါဦး။

**ဆောင်း။** ရေပြစ်ဆေ့စပ်တစ်ထပ်နောက်မိုးချည်းနှီးသကြိုပ်၊
ပေးလိုစဟန်ပစ္စုပ္ပန်မှုပြည့်နှံပျက်ပြားကျဲလေးပါး
ကားမှတ်သားသစီပရမတည်။

(ညောင်ကန်ဆရာတော် ဦးဗုမ်)

၃။ အနုပိယဘာဏီ-မိတ်ဆွေတု-အင်္ဂါကလည်းလေးပါးရှိပါတယ်။

(က) ထိုသူအားမကောင်းမှုကိုလည်းခွင့်ပြု၏။

(ခ) ထိုသူအားကောင်းမှုကိုလည်းခွင့်ပြု၏။

(ဂ) ထိုသူ၏မျက်မှောက်၌ ချီးမွမ်းစကားကိုဆို၏။

(ဃ) ထိုသူ၏မျက်ကွယ်၌ ကဲ့ရဲ့စကားကိုဆို၏။ တဲ့



Generated by CamScanner from intsig.com

အဲ့ဒီလေးပါးသောအကြောင်းတို့ဖြင့် အကြိုက်ကိုလိုက်၍ ပြောတတ်သော မိတ်ဆွေစစ်မဟုတ်သည့် မိတ်ဆွေတုကို သိရပါတယ်ကွယ်၊ ဒါကို လဲဆောင်ပုဒ်ကလေးနဲ့မှတ်ထားလိုက်ပါဦး။

**ဆောင်။** မကောင်းခွင့်ပြုကောင်းမှုလိုလျှင်ဆင်ခြင်မရှ

ခွင့်ပြုသည့်ပင်ရှေ့တွင်ချီးမွမ်းပုံးလွမ်းကွယ်လျှင်

ကဲ့ရဲ့မြင်သည်လေးအင်ဝိယဘာကီတည်း။

(ညောင်ကန် ဆရာတော် ဦးဗုဓ်)

၄။ အပါယသဟာယ-မိတ်ဆွေတု-ပျက်စီးကြောင်း၌ အပေါင်းအဖော်ဖြစ်သော မိတ်ဆွေတုဆိုတာ------

(က) သေရည်သေရက်သောက်ခြင်း၌ အပေါင်းအဖော်ဖြစ်၏ ၊ တဲ့ ဒါတွေကသိပ်များတယ် ညီလေးတွေ သတိထား ညီမလေးတွေလည်းအတူတူပါဘဲလေ ကဲ့ကြ ဘီယာဆိုင်သွားရအောင် ဘီယာဆိုတာ အရက်မှမဟုတ်ဘဲ ဟိုနိုင်ငံခြားကားထဲက မင်းသမီးတွေတောင် သောက်နေတာဘဲလို့ ဘီယာဆိုင်သွားဖို့ ဘီယာသောက်ဖို့ ပေါလိုက်တဲ့ အဖော်တွေ အဲဒါတွေဟာ မိတ်ဆွေတုထဲမှာပါတယ်နော်။





(ခ)အခါမဲ့ ခရီးသွားခြင်း၌ အပေါင်းအဖော်ဖြစ်၏။အိမ်ကလူကြီးတွေမသိအောင် သန်းခေါင်သန်းလွဲ သွားကြရအောင်ဆိုရင် ဘယ်တော့မှမငြင်းတဲ့ အဖော်မျိုးပေါ့ကွယ်။

(ဂ) ပွဲလမ်းသဘင်ကြည့်ရှုခြင်း၌ အပေါင်းအဖော်ဖြစ်၏၊ ပွဲသွားရအောင်ဟေ့ နိုက်ကလပ်သွားရအောင်ဟေ့ဆို ဘယ်တော့မှမငြင်းတဲ့မိတ်ဆွေမျိုးပေါ့ကွယ် ဒါလဲမိတ်ဆွေတုဘဲ။

(ဃ)လောင်းကား ခြင်း၌ အပေါင်းအဖော်ဖြစ်၏။တဲ့-ကဲဒါလဲကြည့်ပါဦး ကစား း သွားကြစို့ဆို ရှေ့ကပဲ ကစားကြဟေ့ဆိုတော့လဲ နောင်ခါလာနောင်ခါချေးပေါ့ကွာ ဆက်လုပ်တဲ့ဆိုင်ကယ်သော့ ကားသော့တွေနဲ့ လူဂုဏ်ထံ အသိုင်းအဝိုင်းပိုက်ဆံရှိအသိုင်းအဝိုင်းတွေများမှာလေ ဒို့တနသာ်ရီတိုင်းကော့သောင်းမြို့ကို ရောက်သွားစဉ်က ကော့သောင်းတစ်ဘက်ကမ်းမှာ သူဌေးကျွန်းဆိုတာရှိတယ် အဲ့ဒီသူဌေးကျွန်းဆိတ်ကမ်းမှာ ဧရာမသင်္ဘောကြီး တစ်စင်းကပ်ထားတယ် လှလဲလှလိုက်တာ အထဲမှာလဲ အခန်းတွေနဲ့ဇိမ်ခံအခန်းတွေအများကြီးပါတယ်တဲ့အဲဒါလောင်းကစားရုံးလို့(                )နိုင်ငံက သူဌေးတစ်ယောက်ကပေါင်ထားခဲ့တာလို့ သိရပါတယ်ကွယ်အဲဒီသူဌေးရဲ့အပေါင်းအ



Generated by CamScanner from intsig.com

ဖော်တွေဟာ ယ္ခုပြောတဲ့ အပါယသဟာယမိတ်ဆွေတွေ လို့ သတ်မှတ်ရမှာပေါ့ကွယ်။

ဒါကိုလဲ ဆောင်ပုဒ်ကလေးနဲ့ မှတ်လိုက်ပါဦး။

**ဆောင်**။ သောက်ထုတ်သောရက်ညည့်နက်လမ်းသွား
ရှားသဘင်ပျော်ရွှင်အံ့စာလေးရပ်မှာပင်
တကွထင်သည်လေးအင်အပါယသဟာတည်။
(ညောင်ကန် ဆရာတော် ဦးဗုဓ်)

*အစ်ကိုကြီး*။ ယ္ခုပြောတဲ့မိတ်ဆွေတွေဟာ မိတ်ဆွေတုလား? မိတ်ဆွေစစ်လား?။

*ညီ/ညီမများ*။ မိတ်ဆွေတုပါအစ်ကိုကြီး။

*အစ်ကိုကြီး*။ ရှောင်ရမဲ့မိတ်ဆွေလား?ပေါင်းရမဲ့မိတ်ဆွေလား?။

*ညီ/ညီမများ*။ ရှောင်ရမဲ့မိတ်ဆွေပါအစ်ကိုကြီး။

*အစ်ကိုကြီး*။ အေးဒို့ညီ/ညီမတွေကငယ်သေးတော့ ဒီလို မိတ်ဆွေမျိုးတွေ့ချင်မှတွေ့ဘူးဦးမယ်၊တွေ့သော်လည်း ဒီလိုခွဲခြားတတ်ချင်မှ ခွဲခြားတတ်မှာ အစ်ကိုကြီးတို့က တော့အသက်လေးနည်းနည်းရလာပြီဆိုတော့တွေ့ဘူးကြုံဘူး





ခဲ့ပါပြီ တွေ့ကြုံတဲ့အတိုင်း သိလည်းသိခဲ့တယ် သိခဲ့လို့လဲ အဲ့ဒီလို မိတ်ဆွေတုမျိုးတွေကို ခပ်ဝေးဝေး ရှောင်ခဲ့ရဘူး ပါတယ်ကွယ်။

*ညီ-မောင်သူတာ*။ ပေါင်းရမဲ့မိတ်ဆွေစစ်ကို ဆက်ပြောပါ အစ်ကိုကြီး။

*အစ်ကိုကြီး*။ အေးကွယ်ဆက်ပြောပါမယ်ညီလေးညီမလေး တို့အားလုံးယ္ခုလိုစိတ်ဝင်တစားမေးမြန်းတာစိတ်ဝင်တစား နားထောင်တာတွေကို အစ်ကိုကြီးက ကျေးဇူးလည်းတင် ပါတယ် ဂုဏ်လည်းယူပါတယ်။ ဒီလိုကွယ့်-------- စိတ်ကောင်း နှလုံးကောင်းရှိသော မိတ်ဆွေစစ်ဆိုတာ လေးယောက်ရှိပါတယ်တဲ့---------

(၁) ဥပကာရ-မိတ်ဆွေ=မြန်မာလိုတော့ ကျေးဇူးပြုတတ် သော ကောင်းသောစိတ်နှလုံးရှိသည့် မိတ်ဆွေလို့ဆိုပါ တယ်။

(၂) သမာနသုခဒုက္ခ - မိတ်ဆွေ=မြန်မာလိုတော့ ချမ်း သာအတူ ဆင်းရဲလည်း အတူတူဖြစ်သော စိတ်နှလုံးရှိ သောမိတ်ဆွေစစ်လို့ဆိုလိုပါတယ်။

(၃) အတ္ထက္ခာယီမိတ်ဆွေ-မြန်မာလိုတော့အကျိုးစီးပွားကို



Generated by CamScanner from intsig.com

ပြောကြားတတ်သော ကောင်းသောစိတ်နှလုံးရှိသည့်မိတ်ဆွေ စစ်လို့ဆိုလိုပါတယ်။

(၄) အနုကမ္ပက-မိတ်ဆွေ-မြန်မာလိုတော့ အစဉ်သနားတတ်သော ကောင်းသောစိတ်နှလုံးရှိသော မိတ်ဆွေစစ်လို့ဆိုလိုပါတယ်။

ညီ-မောင်ရှိုင်းကိုကို။ အစ်ကိုကြီး အဲ့ဒီမိတ်ဆွေစစ်တွေကို မိတ်ဆွေစစ်လို့သိနိုင်တဲ့ အကြောင်းတွေကိုလည်း ရှင်းပြပါဦး။

အစ်ကိုကြီး။ ဒီတစ်ခါမောင်သုတ အိပ်ပျော်နေလား ဟော့ မောင်ရှိုင်းကိုကိုက ထမေးတယ် ။ ဟုတ်တာပေါ့ကွယ် ပြည့်စုံအောင် ဆက်ပြောပေးပါမယ် ညီ/ညီမတွေသာ အိပ်ငိုက်မသွားနဲ့နော်။

ညီ/ညီမများ ။ မငိုက်ပါဘူးအစ်ကိုကြီး နားထောင်လို့ကောင်းလို့။

အစ်ကိုကြီး။ အေးကျေးဇူးပါပဲကွယ်။ ဒီလိုကွဲ့----

၁။ဥပကာရ - မိတ်ဆွေစစ်ဆိုတာ ကျေးဇူးပြုတတ် သောကောင်းသောစိတ်နှလုံးရှိသည့် မိတ်ဆွေစစ်ဆိုတာ--

(က) မူးယစ်နေသောမိတ်ဆွေကို စောင့်ရှောက်တတ်၏။





(ခ) မူးယစ်မေ့လျော့နေသော မိတ်ဆွေ၏ဥစ္စာပစ္စည်းကို စောင့်ရှောက်တတ်၏။

(ဂ) ကြောက်ရွံ့နေသောမိတ်ဆွေ၏ အားကိုးရာဖြစ်၏။

(ဃ)ပြုဘွယ်ကိစ္စဖြစ်ပေါ်လာက အကူအညီတောင်းခံသည်ထက် နှစ်ဆတက်သောစည်းစိမ်အထောက်အပံ့ကို ပေးတတ်၏ ၊ တဲ့ ဒီအင်္ဂါလေးပါးနဲ့ပြည့်စုံတဲ့ ကျေးဇူးပြုတတ်သောကောင်းသောစိတ်နှလုံးရှိသော မိတ်ဆွေကို မိတ်ဆွေစစ်လို့ ခေါ်ပါသတဲ့ကွယ်။ဆောင်ပုဒ်ကလေးနဲ့ မှတ်ထားလိုက်ပါဦး။

**ဆောင်** ။ မေ့လျော့ဆောင့်လှာဥစ္စာစောင့်ရှောက်သော၊ ရောက်ကိုးကွယ်ပြဘွယ်ရှိကာ၊ နှစ်ဆဥစ္စာချေးပေးလှာသည်၊ လေးပြာဉပကာရတည်။(ညောင်ကန် ဆရာတော်ဦးဗုဓ်)

၂။သမာနသုခဒုက္ခ -မိတ်ဆွေ, ချမ်းသာအတူ ဆင်းရဲ အတူတူဖြစ်သော ကောင်းသော စိတ်နှလုံးရှိသည့် မိတ်ဆွေစစ်စစ်ကား----

(က) ထိုမိတ်ဆွေအား လျှို့ဝှက်အပ်သည့် အမှုကိစ္စကို ပြောကြား၏။

(ခ)ထိုမိတ်ဆွေ၏ လျှို့ဝှက်အပ်သည့်အမှုကိစ္စကိုလျှို့ဝှက်

ထား၏။

(ဂ)ဘေးရန်ပေါ်လာလျှင်မစွန့်ပစ်။

(ဃ)ထိုမိတ်ဆွေအတွက် အသက်ကိုပင်သော်လည်းစွန့်လွှတ်၏။ တဲ့ အဲဒီအင်္ဂါလေးပါးနဲ့ပြည့်စုံတဲ့ မိတ်ဆွေဟာ ပေါင်းအပ်တဲ့မိတ်ဆွေစစ်ပေါ့ကွယ်။ ဒါကိုလည်းညောင်ကန်ဆရာတော်ဦးဗုမ်-ရဲ့ဆောင်ပုဒ်လေးနဲ့ မှတ်ထားလိုက်ပါဦး။

**ဆောင်**။ လျို့ဝှက်စကားကြားစတဲ့လျှက်တွေလျို့ဝှက်၍
ဘေးတွေ့မစွန့်မတွန့်တိုပါသူသို့ညာလျှက်၊
ကိုယ်သက်စွန့်ပြောက်ကျေးလေးယောက်ကား
မှူးဟောက်ချမ်းသာဆင်းရဲတည်း။

(ညောင်ကန်ဆရာတော် ဦးဗုမ်)

၃။အတ္ထက္ခာယီမိတ်ဆွေ=အကျိုးစီးပွားကိုပြောကြားတတ်သောကောင်းသော စိတ်နှလုံးရှိသည့် မိတ်ဆွေစစ်ဆိုတာ

(က)မကောင်းမှုမှတားမြစ်တတ်၏။

(ခ)ကောင်းမှု၌သက်ဝင်စေ၏။

(ဂ)မကြားဘူးသောတရားစကားကိုပြောကြားတတ်၏။

(ဃ)နတ်ပြည်ရောက်ကြောင်းခရီးကိုပြောကြားတတ်၏။တဲ့





ဒီအကြောင်းလေးပါးတို့ဖြင့် အကျိုးစီးပွားကိုပြောကြားတတ်သော ကောင်းသောစိတ်နှလုံးရှိသောမိတ်ဆွေစစ်ကို ပေါင်းရပါမယ်တဲ့ကွယ်။ဒါကိုလဲဆောင်ပုဒ်ကလေးနဲ့မှတ်ပါဦး။

**ဆောင်**။မကောင်းမြစ်တားကောင်းရာသွင်းသတားမကြားစ
မတောင်းအကြောင်းကြားလှာနတ်ရွာလမ်းပြ၍
လေးစကားမည်ရအတ္ထက္ခာယီတည်း။

(ညောင်ကန်ဆရာတော်ဦးဗုမ်)

၄။အနုကမ္ပကမိတ်ဆွေ=အစဉ်သနားတတ်သောကောင်းသောစိတ်နှလုံးရှိသော မိတ်ဆွေစစ်ဆိုတာ------

(က)ထိုမိတ်ဆွေ၏ ဆုတ်ယုတ်ပျက်စီးခြင်းကိုမနှစ်သက်။

(ခ)ထိုမိတ်ဆွေ၏ ဖြစ်ထွန်းတိုးတက်မှုကိုနှစ်သက်၏။

(ဂ)ထိုမိတ်ဆွေအား ကဲ့ရဲ့စကား ပြောကြားသူကို ကန့်ကွက်တားမြစ်တတ်၏။

(ဃ)ထိုမိတ်ဆွေအား ချီးမွမ်းစကား ပြောကြားသူကို ထောက်ခံချီးမွမ်းတတ်၏။တဲ့ ဒီလေးပါးသောအကြောင်းတို့ဖြင့် အစဉ်သနားတတ်သော ကောင်းသောစိတ်နှလုံးရှိသော မိတ်ဆွေစစ်ကိုပေါင်းသင်းအပ်ပါသတဲ့ကွယ်။



Generated by CamScanner from intsig.com

ဒါကိုလဲ ဆောင်ပုဒ်ကလေးမှတ်ထားလိုက်ပါဦး။

**ဆောင်။** ဥစ္စာခမ်းနား၊ မပွားသော်ငြားမနှစ်လို့ငြား၊ပွားကာရှင်မြူး
ကျေးဇူးမဲ့ကိုဆိုသော်တားမြစ်ကျေးဇူးဖြစ်ကိုဆိုသော်
နှိုးမှမ်းသူတို့တင်းကာအိတ်ကျွမ်းအနုကမ္ပကာသည်း။

(ညောင်ကန်ဆရာတော် ဦးဗုဓ်)

ကဲဒီလောက်ဆိုရင်ညီမောင်သုတတို့ ညီမောင်ရှိုင်းကိုကိုတို့နဲ့ အားလုံးညီလေး/ညီမလေးတွေ ရှောင်သင့်တဲ့မိတ်ဆွေတု ပေါင်းသင့်တဲ့မိတ်ဆွေစစ်တွေကို ခွဲခြားဝေဖန်သိရှိနိုင်လောက်ပါပြီကွယ်၊ရှောင်သင့်တဲ့ရန်သူ မိတ်ဆွေတုတွေကိုရှောင်ပြီး ပေါင်းသင့်တဲ့မိတ်ဆွေစစ်တွေနဲ့ပေါင်းပြီး လောကကြီးပွားကြောင်း သာသနာ ကြီးပွားကြောင်းတွေ ဆောင်ရွက်နိုင်တဲ့ အနာဂါတ် သားကောင်းရတနာတွေ သမီးကောင်းရတနာတွေ ဖြစ်ကြပါစေကွယ်။

*ညီ၊ ညီမများ။* အစ်ကိုကြီးပြောသလိုဖြစ်အောင် ကြိုးစားပါမယ်အစ်ကိုကြီး။

*ညီပိုး-ဇော်* ။ အစ်ကိုကြီး ဘုရားဂုဏ်,တရားဂုဏ်,သံဃာ-ဂုဏ်တော်တွေကိုအနက်နဲ့တကွသိချင်ပါတယ်အစ်ကိုကြီး။

*အစ်ကိုကြီး။* အေးကွယ်ဒီဂုဏ်တော်တွေကို ဒို့ဗုဒ္ဓဘာသာ





တိုင်း ရလဲရသင့်တယ် သိလဲသိသင့်တယ် ဆောင်လဲထားသင့်တယ် အမြဲဘဲဘုရားရှိခိုးသင့်တာပေါ့-----

ဣတိပိ သော ဘဂဝါ (၁)အရဟံ(၂)သမ္မာသမ္ဗုဒ္ဓေါ (၃)ဝိဇ္ဇာစရဏသမ္ပန္နော (၄) သုဂတော (၅) လောကဝိဒူ (၆)အနုတ္တရောပုရိသဒမ္မသာရထိ(၇)သတ္ထာဒေဝမနုဿာနံ (၈) ဗုဒ္ဓေါ (၉) ဘဂဝါ။ဒါကဘုရားဂုဏ်တော်ကိုးပါးပါ အနက်ပါမှတ်လိုက်ပါဦး။

၁။ **အရဟံဂုဏ်တော်။** သောဘဂဝါ။သစ္စာလေးဆင့်၊ခိုင်လုံးရင့်ကာ၊ပွင့်လာခေါင်ဖျား၊ထိုအောင်တော်မူမြတ်စွာဘုရားသည်။ဣတိပိ ၊ဤသို့ကိလေသာတို့မှ ကင်းတော်မူခြင်း၊ ကိလေသာရန်သူတို့ကိုပယ်သတ်တော်မူခြင်း၊သံသရာစက်၏ အကန့်ထောက်တို့ကို ဖျက်ဆီးတော်မူခြင်း၊ပူဇော်အထူးနှင့်တကွ ပစ္စည်းလေးပါးတို့ကို ခံယူတော်မူထိုက်ခြင်း၊ မ-ကောင်းမှုကိုပြုလုပ်ရာ၌ ဆိတ်ကွယ်ရာမရှိခြင်း-ဟူသော အကြောင်းကြောင့်လည်း။အရဟံ၊"အရဟံ"ဟူသောဂုဏ်တော်မြတ်နှင့်ပြည့်စုံတော်မူပါပေ၏။

၂။ **သမ္မာသမ္ဗုဒ္ဓဂုဏ်တော်။** သောဘဂဝါ၊ထိုမြတ်စွာဘု-ရားသည်။ဣတိပိ၊ဤသို့သယမ္ဘူဉာဏ်တော်မြတ်ဖြင့် မိမိ



Generated by CamScanner from intsig.com

အလိုလို ကိုယ်တော်တိုင်သာလျှင် ကြွင်းမဲ့ဥဿုံ အလုံးစုံသော ဉေယျဓမ်တရားဟူသမျှတို့ကို ကောင်းစွာမဖေါက်မပြန် အမှန်ထိုးထွင်း အလင်းထင်ပေါ် သိတော်မူသောအကြောင်းကြောင့်လည်း။သမ္မာသမ္ဗုဒ္ဓေါ၊“သမ္မာသမ္ဗုဒ္ဓ”ဟူသောဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

၃။ **ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်**။ သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ၊ဤသို့ဝိဇ္ဇာသုံးပါး၊ဝိဇ္ဇာရှစ်ပါးစရဏတရားတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊“ဝိဇ္ဇာစရဏသမ္ပန္န”ဟူ သောဂုဏ်တော်နှင့်ပြည့်စုံတော်မူပါပေ၏။

၄။ **သုဂတဂုဏ်တော်**။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ဣတိပိ၊ဤသို့ငြိကပ်မှုကင်းသန့်ရှင်းလှစွာ ကြွသွားတော်မူခြင်း,ကောင်းသောနိဗ္ဗာန်သို့ ဦးတည်၍ ကြွချီတော်မူခြင်း, အစွန်းတရားနှစ်ပါးမှကင်းလျှက်အမှန်လမ်းဖြင့် ကြွသွားတော်မူခြင်း, သင့်တင့်လျှောက် ပတ်ကောင်းမြတ်သော စကားတော်ကိုသာ မြွက်ဆိုတော်မူခြင်း ဟူသောအကြောင်းကြောင့်လည်း။သုဂတော၊“သုဂတ”ဟူသော ဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပါပေ၏။





၅။ **လောကဝိဒူဂုဏ်တော်**။ သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ၊ဤသို့သတ္တလောက,သင်္ခါရလောက, ဩကာသလောက-တည်းဟူသော လောကသုံးပါးတို့ကိုဎင်း လောက၏သဘာဝ လောက၏ဖြစ်ကြောင်းတရား လောက၏ချုပ်ငြိမ်းမှုနှင့် လောက၏ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်းကိုဎင်း, အကြွင်းမရှိ သိတော်မူသော အကြောင်းကြောင့်လည်း။လောကဝိဒူ၊“လောကဝိဒူ”ဟူသောဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပါပေ၏။

၆။ **အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်**။သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ၊ဤသို့သီလဂုဏ်,သမာဓိဂုဏ်,ပညာဂုဏ်,ဝိမုတ္တိဂုဏ်,ဝိမုတ္တိဉာဏဒဿနဂုဏ်တို့ဖြင့် မိမိထက်သာလွန်သူ တစ်စုံတစ်ယောက်မျှမရှိခြင်း,မယဉ်ကျေးသေးသောလူ,နတ်,ဗြဟ္မာ,သတ္တဝါတို့ကို ယဉ်ကျေးလိမ္မာအောင် ဆုံးမတော်မူနိုင်ခြင်း, ယင်းသို့ဆုံးမရာ၌ အတုမရှိ, အောင်မြင်တော်မူခြင်း ဟူသောအကြောင်းကြောင့်လည်း။အနုတ္တရောပုရိသဒမ္မသာရထိ၊“အနုတ္တရောပုရိသဒမ္မသာရထိ”ဟူသောဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပါ



Generated by CamScanner from intsig.com

ပေ၏။

၇။ **သဗ္ဗညုတဒေဝမနုဿာနံ ဂုဏ်တော်။** သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ကြွတိပိ၊ဤသို့ပြဟ္မာနတ်လူ သုံးဘုံသူတို့အား ပစ္စုပ္ပန်သံသရာနှစ်ဖြာအကျိုး ဖွံ့ဖြိုးစေခြင်းငှါ သင့်တင့်လျောက်ပတ်ကောင်းမြတ်သော အဆုံးအမကို ပေးတော်မူတတ်ခြင်း,ဘဝကန္တာရခရီးခဲမှသတ္တဝါတို့ကိုထုတ်ဆောင်ကယ်တင်တော်မူတတ်ခြင်း ဟူသောအကြောင်းကြောင့်လည်း၊သဗ္ဗညာဒေဝမနုဿာနံ၊"သဗ္ဗညာဒေဝမနုဿာနံ"ဟူသောဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပါပေ၏။

၈။ **ဗုဒ္ဓဂုဏ်တော်။** သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ကြွတိပိ၊ဤသို့သစ္စာလေးပါး မြတ်တရားကို ထင်ရှားပိုင်ပိုင် ကိုယ်တော်တိုင်လည်း သိတော်မူခြင်း,သူတစ်ပါးတို့ကိုလည်း မိမိနည်းတူ သိစေခြင်းငှါ ဟောကြားပြသ ဆုံးမတော်မူခြင်းဟူသော အကြောင်းကြောင့်လည်း။ဗုဒ္ဓေါ၊"ဗုဒ္ဓ"ဟူသောဂုဏ်တော်မြတ်နှင့်ပြည့်စုံတော်မူပါပေ၏။

၉။ **ဘဂဝါဂုဏ်တော်။** သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ကြွတိပိ၊ဤသို့အလေးပြုအပ်ခြင်း,မာရ်ငါးပါးကို ဖျက်ဆီးအောင်မြင်ပြီးဖြစ်ခြင်း ဣဿရိယ,ဓမ္မ,ယသ,သိရီ,ကာမ,





ပယတ္တတည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူခြင်း စသော အကြောင်းကြောင့်လည်း။ဘဂဝါ၊"ဘဂဝါ"ဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပါပေ၏။

တရားဂုဏ်တော် ခြောက်ပါးကိုလည်း ပါဠိရောအနက်ပါမှတ်လိုက်ပါဦး။

(၁)သွာက္ခာတော ဘဂဝတာ ဓမ္မော။
(၂)သန္ဒိဋ္ဌိကော။ (၃)အကာလိကော။
(၄)ဧဟိပဿိကော။ (၅)ဩပနေယျိကော။
(၆)ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ။

(၁)**သွာက္ခာတော ဘဂဝတာ ဓမ္မဂုဏ်တော်။** ဘဂဝတာ၊ ကိုးဂုဏ်လုံ့ဆွေ အစိန္တေသည်။ဓမ္မော၊မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသောတရားတော်မြတ်ကို။ သွာက္ခာတော၊အင်္ဂါခုနှစ်ဖြာ စုံညီညာဖြင့် ကောင်းစွာဟောကြားတော်မူသောကြောင့် (တရားတော်သည်) "သွာက္ခာတဂုဏ်"နှင့်ပြည့်စုံပါပေ၏။

(၂)**သန္ဒိဋ္ဌိကဂုဏ်တော်။** ဘဂဝတော၊သယမ္ဘူထွတ်ထား မြတ်စွာဘုရား၏။ဓမ္မော၊မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သောတရားတော်သည်။သန္ဒိဋ္ဌိကော၊ကျင့်ကြံကြသူ နတ်လူပြဟ္မာ

သတ္တဝါတို့ ကောင်းစွာကိုယ်တိုင် သိမြင်နိုင်သောကြောင့် "သန္ဒိဋ္ဌိကဂုဏ်"နှင့်လည်းပြည့်စုံပါပေ၏။

(၃)**အကာလိကဂုဏ်တော်**။ ဘဂဝတော၊ဘုရားပရမေသုံးလူဆွေ၏။မေ္မာ၊အမြတ်တရားမဂ်လေးပါးသည်။အကာလိကော၊အခါမလပ် ကြားမပြတ်ဘဲ ဆက်စပ်ချက်ချင်း ဖိုလ်ကျိုးနှင်း၍ လက်ငင်းအကျိုးရသောကြောင့်"အကာလိက"အကာလိကဂုဏ်နှင့်လည်းပြည့်စုံပါပေ၏။

(၄)**ဧဟိပဿိကဂုဏ်တော်**။ ဘဂဝတော၊သနင်းမြတ်စွာထိုဆရာ၏။မေ္မာ၊နိဗ္ဗာန်ဖိုလ်မဂ်ကိုးချက်ထွေပြား လောကုတ္တရာတရားသည်။ဧဟိပဿိကော၊လာပါ,ရှုပါ,ကျင့်ကြံပါဟု မပါပါအောင်ခေါ်ဆောင်ပြညွှန်း တိုက်တွန်းခြင်းငှါထိုက်သောကြောင့်"ဧဟိပဿိကဂုဏ်"နှင့်လည်းပြည့်စုံတော်မူပါပေ၏။

(၅)**ဩပနေယျိကဂုဏ်တော်**။ ဘဂဝတော၊ကျွတ်စုဝေငှမြတ်ဗုဒ္ဓ၏။မေ္မာ၊တောမိခွင်၌ သိမြင်ဖော်ကျူးလောကုတ္တရာတရားထူးသည်။ဩပနေယျိကော၊ အာရုံထင်၍ ဆင်ခြင်ပွားများ စွဲမှတ်ဆောင်ထားထိုက်သောကြောင့်"ဩပနေယျိကဂုဏ်" နှင့်လည်းပြည့်စုံပါပေ၏။





(၆)**ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိဂုဏ်တော်**။ ဘဂဝတော၊နေတန္ဒုန်းသို့ ရွှေဘုန်းကြီးမား မြတ်စွာဘုရား၏။မေ္မာ၊ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်လှန်ပိုင်းဖြတ် မဂ်ဖိုလ်နိဗ္ဗာန်တရားမြတ်သည်။ဝိညူဟိ၊ပညာရှိသူ ရှင်လူအပေါင်းသူတော်ကောင်းတို့သည်။ပစ္စတ္တံ၊ကိုယ်စီကိုငှ။ဝေဒိတဗ္ဗော၊သိအပ်,ရှုအပ်,ခံစားအပ်သည်ဖြစ်၍။"ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိဂုဏ်"နှင့်လည်းပြည့်စုံတော်မူပါပေ၏။ သံဃာ့ဂုဏ်တော်ကိုးပါးကိုပါဠိရောအနက်ပါမှတ်လိုက်ပါအုံး။

(၁)သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော(၂)ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော(၃)ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော(၄)သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော။ (၅)အာဟုနေယျော(၆) ပါဟုနေယျော(၇) ဒက္ခိဏေယျော (၈)အဉ္ဇလိကရဏီယော(၉)အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

(၁)ဘဂဝတော။မြတ်စွာဘုရား၏။သာဝကသံဃော၊တပည့်သား သာဝကသံဃာတော်မြတ်သည်။သုပ္ပဋိပန္နော၊



Generated by CamScanner from intsig.com

နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော အကျင့်ကို ကောင်းစွာကျင့်တော်မူစေတော်ပါပေ၏။

(၂)ဥဇုပ္ပဋိပန္နော၊မဇ္ဈိမပဋိပဒ် အကျင့်မှန်ကို ဖြောင့်မှန်စွာ ကျင့်တော်မူပါပေ၏။

(၃)ဉာယပ္ပဋိပန္နော၊နိဗ္ဗာန်ထုတ်ခြောက် မျက်မှောက်ပြုရေး အလေးပေးကာ ကျင့်တော်မူပါပေ၏။

(၄)သာမီစိပ္ပဋိပန္နော၊ပေါ်နိုင်ခဲခက် နည်းကျင့်နက်ကို လေးနက်ရိုသေ ကျင့်တော်မူပါပေ၏။ယဒိဒံစတ္တာရိ ပုရိသယုဂါနိ၊မင်္ဂဖိုလ်ရဆဲ အကြင်လေးစုံတွဲတို့သည်။အဋ္ဌပုရိသပုဂ္ဂလာ ၊ သချာချင့်ထောက် ရှစ်ယောက်တို့သည်။ ဟောန္တိ၊ဖြစ်ကြပါပေကုန်၏။ဘဂဝတော ၊ ဘုန်ပန်းမဥ္ဇူ သောင်းလုံးကြူသည့် နတ်လူများထွတ်ဘုရားမြတ်၏။ ဧသ+ဧသော သာဝကသံဃော၊ ဤတပည့်သား သံဃာတော်သည်။

(၅)အာဟုနေယျော၊တကူးတက ဝေးမှဆောင်ယူပူဇော်ခြင်းကို ခံယူတော်မူထိုက်ပေ၏။

(၆)ပါဟုနေယျော၊ဧည့်ထူးစောင်ထူး ရည်စူးစီမံ လှူရန်ဟူသမျှ ခံထိုက်လှပါပေ၏။





(၇)ဒက္ခိဏေယျော၊ထွတ်ထွတ်မြတ်မြတ် သတ်မှတ်ရည်စူး အလှူထူးကိုခံတော်မူထိုက်ပါပေ၏။

(၈)အဉ္ဇလိကရဏီယော ၊ လက်အုပ်ချီမိုး ရှိခိုးခြင်းကိုလည်း ခံထိုက်ပါပေ၏။

(၉) လောကဿ၊ဗြဟ္မာနတ်လူ ကမ္ဘာသူ,ကမ္ဘာသားသတ္တဝါများ၏။အနုတ္တရံ၊အတုမရှိ အတူမရှိ အကောင်းဆုံးဖြစ်သော။ပုညက္ခေတ္တံ၊ကောင်းမှုတည်းဟူသောမျိုးစေ့ ကိုစိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ်လည်းဖြစ်တော်မူပါပေ၏။

*ညီလေးထက်*။ အစ်ကိုကြီး လယ်တီဆရာတော်ဘုရားကြီးရဲ့ ခုနှစ်နေ့ဘုရားရှိခိုးကိုလဲ ညီလေးတို့ကျက်မှတ်ထားချင်ပါတယ်ခင်ဗျ။

*အစ်ကိုကြီး*။ အေး တော်လိုက်တာကွာ ကျန်တဲ့ညီ/ညီမတွေကော မကျက်ချင်ဘူးလားဟေ့?။

*ညီ၊ ညီမများ*။ကျက်ချင်ပါတယ် အစ်ကိုကြီး။

*အစ်ကိုကြီး*။အေးဒါဆိုရင် ဆက်ရေးလိုက်ပါ------

## ကျေးဇူးတော်ရှင်လယ်တီဆရာတော်ဘုရားကြီး၏ ခုနစ်နေ့ ဘုရားရှိခိုးနှင့် ဆုတောင်းအမျှဝေ

### ကြာသပတေးနေ့-ပဋိသန္ဓေယူ

၁။ သုံးလူ့ရှင်ပင်၊ကျွန်းထိပ်တင်၊သောင်းခွင်စကြာဝဠာ၊နတ်ဗြဟ္မာတို့၊ညီညာရုံးစု၊တောင်းပန်မှုကြောင့်၊ရတုနဂိုရ်၊ရွှန်းရွှန်းစိုသည်၊ဝါဆိုလပြည့်၊ကြွက်မင်းနေ့ဝယ်၊ချမ်းမြေ့ကြည်ဖြူ၊သန္ဓေယူသည်၊နတ်လူငြိမ်းဖို့၊ကိန်းပါကို။

### သောကြာနေ့-ဖွားမြင်

၂။ သန္ဓေယူခါ၊ဆယ်လကြာသော်၊မဟာသက္ကရာဇ်၊ခြောက်ဆယ့်ရှစ်ကြုံ၊ကဆုန်လပြည့်၊သောကြာနေ့ဝယ်၊ချမ်းမြေ့စုံညီ၊လုမ္ဗိနီ၌၊မဟီလှိုက်ဆူ၊ဖွားတော်မူသည်၊နတ်လူအောင်မြို့ လမ်းပါကို။

### တနင်္လာနေ့-တောထွက်

၃။ ဖွားမြင်မြောက်သော်၊ဆယ့်ခြောက်နှစ်ရွယ်၊ပျိုနုနယ်၌၊သုံးသွယ်ရွှေနန်း၊သိမ်းမြန်းပြီးလစ်၊ဆယ့်သုံးနှစ်လျှင်၊ဘုန်းသစ်လျှံထူ၊စံတော်မူ၍၊ရွယ်မူနုဖြိုး၊နှစ်ဆယ့်ကိုးဝယ်၊လေးမျိုးနိမိတ်၊နတ်ပြဟိတ်ကြောင့်၊ရွှေစိတ်ငြင်ငြို၊သံဝေပိုက၊ဝါဆိုလပြည့်၊ကျားမင်းနေ့ဝယ်၊ချမ်းမြေ့ရဂုံ၊တောရိပ်လှုံသည်။





စုံမြိုင်ပင်ရိပ်-ခမ်းမှာကို။

### ဗုဒ္ဓဟူးနေ့-ဘုရားဖြစ်

၄။ တောရိပ်မြိုင်ပေါ်၊ခြောက်နှစ်ပျော်၍၊ခါတော် တစ်ဖုံ၊ပွင့်ချိန်ကြုံက၊ကဆုန်လပြည့်၊ဆင်မင်းနေ့ဝယ်၊မြေ့ပရမေ၊ပလ္လင်ဗွေထက်၊ရွှေညောင်တော်ကြီး၊ဗိတာန်ထီးနှင့်၊မငြိုးကြည်ဖြူနေတော်မူလျက်၊ရန်မြူခပင်း၊အမိုက်သင်းကို၊အလျှင်းပယ်ဖျောက်၊အလင်းပေါက်က၊ထွန်းတောက်ဘုန်းတော်၊သောင်းလုံးကျော်သည်၊သုံးဖော်လူတို့ ငြိမ်းပါကို။

### စနေနေ့-ဓမ္မစကြာတရားဟော

၅။ ဘုရားဖြစ်ခါ၊မိဂဒါသို့၊စကြာရွှေဖွား၊ဖြန့်ချီသွား၍၊ငါးပါးဝဂ္ဂီ၊စုံအညီနှင့်၊မဟီတစ်သောင်း၊တိုက်အပေါင်းမှ၊ခညောင်းကပ်လာ၊နတ်ဗြဟ္မာအား၊ဝါဆိုလပြည့်၊စနေနေ့ဝယ်ကြွေ့ကြွေ့လျှံတက်၊ဓမ္မစက်ကို၊မိန့်မြွက်ထွေပြား၊ဟောဖော်ကြားသည်၊တရားနတ်စည် ရွှမ်းတယ်ကို။

### အင်္ဂါနေ့-ပရိနိဗ္ဗာန်စံ

၆။ တရားနတ်စည်၊ဆော်ရွှမ်းလည်က၊သုံးမည်ဘုံသိုက်၊တစ်သောင်းတိုက်ဝယ်၊ကျွတ်ထိုက်သည့်သူ၊နတ်လူဗြဟ္မာ၊သတ္တဝါကို၊ခေမာသောင်သို့၊ဖေါင်ကူးတို့ဖြင့်၊ဆောင်ပို့ပြီးခါ၊ဝါလေး



Generated by CamScanner from intsig.com

## (၄၈) ပဋ္ဌာန်းဘာရဲ့ဆရာတော်

ဆယ်ငါး၊သက်ကားရှစ်ဆယ်၊စုံပြည့်ကြွယ်က၊ရာလေးဆယ့်ရှစ်၊သက္ကရာဇ်ဝယ်၊နယ်မလ္လာတိုင်း၊စံနိုင်းမယုတ်၊ကုသိန္နာရုံ၊အင်ကြင်းစုံ၌၊ကဆုန်လပြည့်၊အင်္ဂါနေ့ဝယ်၊ချမ်းမြေ့နိဗ္ဗူ၊စံတော်မူသည်၊ဝုန်းဆူသောင်းလုံး ကျော်တယ်ကို။

တနင်္ဂနွေနေ့-တေဇောဓာတ်လောင်

(၇) နိဗ္ဗူစံပြီး၊ရှုမအီသာ၊သိင်္ဂီရွှေလှော်၊အလောင်းတော်ကို၊ထိုရော်ကဆုန်၊လဆုတ်ကြုံ၍၊ဂဠုန်နေ့ဝယ်၊ခိုးငွေ့မနော၊ဓာတ်တေဇောလျှင်၊ရှင်စောဉာဏ်စက်၊မိဋ္ဌာန်ချက်ဖြင့်၊လျှံတက်ကော်ရော်၊မီးပူဇော်သည်၊မွေတော်ရှစ်စိတ်ကြွင်းတယ်ကို။

### ဆုတောင်း

၈။ ထိုခုနှစ်နေ့၊သားချမ်းမြေ့ကို၊ဆွေ့ဆွေ့ကြည်ဖြူ၊အာရုံယူလျှက်၊သုံးလူတို့ထက်၊မြတ်ထက်မြတ်သား၊ကိုတော်ဖျားကို၊သုံးပါးမွန်စွာ၊ဝန္ဒနာနှင့်၊သဒ္ဓါဖြိုးဖြိုး၊ကျွန်ရှိခိုးသည်၊ကောင်းကျိုးခပ်သိမ်း၊ကြွယ်စေသော်ဝ်။

အဆုံးဘဝ၊တိုင်ပြန်ကလဲ၊ပညာအရာ၊ဘိဓမ္မာနှင့်၊ကြေငြာကျော်ကြား၊လူအများကို၊တရားစည်ကြီး၊ခြိမ့်ခြိမ့်တီး၍၊မီးဆယ့်တစ်တန်၊ငြိမ်းရာမှန်သည်၊နိဗ္ဗာန်အောင်မြို့ ရောက်စေသော်ဝ်။



## (၄၉) သိအောင်လုပ်ပါ

### ဘုရားရှစ်ခိုးနှင့် ဆုတောင်းအမျှဝေ

သုံးလူ့ထွတ်ထား၊မြတ်တရားနှင့်၊ရှစ်ပါးသံဃာ၊ရတနာကို၊သဒ္ဓါရှိကျိုး၊လက်စုံမိုး၍၊ရှိခိုးပါရ၊ဉာဏ်ပုညကြောင့်၊ဒိဋ္ဌမျက်မြင်၊ဘဝတွင်လည်း၊ကင်းစင်အန္တရာယ်၊ကောင်းကျိုးကြွယ်လျှက်၊ဆယ်ဖြာအညီ၊ပါရမီနှင့်၊ဆယ်လီပုည၊မြတ်ဓမ္မလည်း၊နိစ္စရှင်ဖြိုး၊နေ့စဉ်တိုး၍၊သက်ဇိုဝ်းကြာမြင့်၊ရှည်စေသောဝ်။

ဘဝတစ်ဖန်၊ဖြစ်တုံပြန်လည်း၊လေးတန်အပါယ်၊ရှစ်သွယ်ရပ်ပြစ်၊ကင်းတုံလစ်၍၊ ရှင်ချစ်များစွာ၊ သာသနာလျှင်၊ရောင်ဝါထိန်ဝင်း၊လင်းရာတမူ၊လူကောင်းနတ်ကောင်း၊ဘဝကောင်း၌၊ညွှတ်ညောင်းသန္ဓေ၊တိဟိတ်နေ၍၊ဆွေလယ်မျိုးလယ်၊တန်ခိုးကြွယ်သည်၊လ,နှယ်ထွန်းတင့်ပါစေသောဝ်။

အသိအလိမ္မာ၊ဉာဏ်ပညာနှင့်၊သဒ္ဓါသီလ၊သုတပြည့်ဖြိုး၊ဂုဏ်တန်ခိုးလည်း၊အမျိုးလေးဖော်၊သီတင်းကျော်လျှက်၊သူတော်တို့ထုံး၊ကျင့်သုံးတရား၊အမှားမလိုက်၊စရိုက်စင်ဖြူ၊အလှူရေစက်၊လက်နှင့်မကွာ၊ရှစ်ဖြာဥပုသ်၊မယုတ်ကြိုးစား၊လေးပါးဗြဟ္မစိုရ်၊ရွှန်းရွှန်းစိုသည်၊ကုသိုလ်ကိုယ်လုံး ထုံစေသောဝ်။



Generated by CamScanner from intsig.com

## (၅၀) ပဋ္ဌာန်တာရုံဆရာတော်

ပတ္တမြားပလ္လင်၊ကန့်ကော်ပင်ဝယ်၊ငါးအင်မာရ်စစ်၊ အောင်ပွဲလှစ်၍၊ခေတ်ဇာတိလုံး၊သိမ်းသိမ်းချွန်းလျှက်၊ရွှေဘုန်း စိုက်ထူ၊ပွင့်တော်မူသား၊သုံးလူ့သခင်၊မိတေးရှင်ကို၊မျက်မြင် ဖူး၍၊အထူးကြည်ညို၊ဘုန်းရိပ်ခိုသည်၊မင်ဖိုလ်နိဗ္ဗာန်ရောက် စေသောဝ်။

### (အမျှဝေ)

၉။ သုံးလူ့ထွတ်ထား၊မြတ်တရားနှင့်၊ရှစ်ပါးသံဃာ၊အရိ ယာအား၊ရတနာမိုး၊ရွှာသွန်းဖြိုးသို့၊ကိုးပါးခြောက်စုံ၊ကိုးရပ် ဂုဏ်ကို၊အာဂုံချီးကျူး၊နှုတ်လျှာမြူး၍၊ကြည်နူးဆွဆွ၊ရှိခိုးရ သည့်၊ပုညကုသိုလ်၊အဘိုကိုလျှင်၊မွေးမိခင်နှင့်၊ဖခင်ဆရာ၊ ဉာတကာက၊သတ္တဝါအများ၊နတ်တို့အားလည်း၊ရငြားပါစေ၊ မျှပေးဝေသည်၊ကောင်းထွေသာဓုခေါ်စေသောဝ်။

*ညီမ-မိငွေး။* မြတ်စွာဘုရားရဲ့ ခုနှစ်ဌာန စံနေတော်မူတဲ့ ဘုရားရှိခိုးကိုလည်း ညီမလေးတို့သိချင်ပါတယ်အစ်ကိုကြီး။

*အစ်ကိုကြီး။* အေးတော်လိုက်တာကွာ အာရုံယူတတ်ရင် လေ, နှစ်ပေါင်း (၂၅၀၀)ကျော်က ဗုဒ္ဓပွင့်တဲ့နေရာတွေ ကိုယ်တိုင်ရောက်သွားသလားလို့ အောင့်မေ့ရတယ်နော် ကျက်ထားကြ။



## (၅၁) သိအောင်လုပ်ပါ

### ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ခုနှစ်ဌာနဘုရားရှိခိုး

### ပလ္လင်သတ္တာဟ

၁။ ဘုန်းတော်ထွန်းရှိန်၊စောမုနိန်၊ပညိန္ဒြေချရာမှန်ဘိ၊ ဗောဓိကြငှန်း၊ရွှေရောင်နန်းဝယ်၊ထူးဆန်းအံ့လောက်၊မြေမှ ပေါက်သား၊ရောင်တောက်မှန်နှင့်၊ရွှေပလ္လင်ထက်၊သဗ္ဗညုတ၊ ဉာဏ်ကိုရပြီး၊သတ္တာဟရက်၊ဖွဲ့ခွေလျှက်ပင်၊ငြိမ်သက်တင့် တယ်၊သုံးစံပါယ်သည်၊ဘုန်းကြွယ်လက်ဦး ပွဲပေကို။

### အနိမိတ္တ သတ္တာဟ

၂။ နှစ်ကြိမ်မြောက်ထ၊သတ္တာဟတွင်၊မာရ-ပယ်လှန်၊ ပလ္လင်ပုံ့မှ၊ဇေသန်တူရှု၊ရပ်တော်မူလျှက်၊ကြည်ဖြူငြိမ်းချမ်း၊ ပလ္လင်နန်းကို၊ဖြောင့်တန်းစက္ခု၊စိမ့်စိမ့်ရှုလျှက်၊သုံးလူ့ရှင်ပင်၊ ပျော်စံရွှင်သည်၊ကြည်လင် ညွတ်နူးဖွယ်ပေကို။

### စင်္ကမ သတ္တာဟ

၃။ သုံးကြိမ်မြောက်ထ၊သတ္တာဟတွင်၊ဗောဓိပင်မှ၊ မြောက်ခွင်ဥတ္တရာ၊စင်္ကြံသာ၌၊လူးလာတုံ့ခေါက်၊ကြွချီ လျှောက်၍၊ဘုန်းတော်ဘုရား၊ပျော်စံရှားသည်၊တရားဆင် ခြင်လျှက်ပေကို။



Generated by CamScanner from intsig.com

## ရတနာဃရ သတ္တာဟ

၄။ လေးကြိမ်မြောက်ထ၊သတ္တာဟတွင်၊ဗောဓိပင်နှင့်၊ ပလ္လင်ထွန်းတောက်၊အနောက်မြောက်ဝယ်၊အံ့လောက်ဖွယ်ရာ၊ရတနာရိပ်ငြိမ်၊ရွှေစံအိမ်၌၊ကြိမ်ကြိမ်ဖန်ခါ၊ဘိဓမ္မာကို၊ မဟာဉာဏ၊သာဂရဖြင့်၊ဗုဒ္ဓရှင်ပင်၊သုံးဆင်ခြင်သည်၊ရောင်ရှင်ခြောက်ဖြာ ညီးလို့ကို။

## အဇပါလ သတ္တာဟ

၅။ ငါးကြိမ်မြောက်ထ၊သတ္တာဟတွင်၊ဗောဓိပင်မှ၊ ရှေ့ခွင်ပြူဗွာ၊ရပ်ဒိသာဝယ်၊ကြီးစွာမြင့်ခေါင်၊ဆိတ်ကျောင်းညောင်၌၊ဘုန်းခေါင်ပရမေ၊စံပယ်နေသည်၊ရှိသေမြတ်နိုး-ဖွယ်ပေကို။

## မုစ္ဆလိန္ဒ သတ္တာဟ

၆။ ခြောက်ကြိမ်မြောက်ထ၊သတ္တာဟတွင်၊ပလ္လင်ရွှေညောင်၊အရှေ့တောင်၌၊မြရောင်လိုလို၊ရေညိုပြည့်လျှမ်း၊ ကြာပန်းညွတ်ရုံ၊ပန်းမျိုးစုံသည်၊မုစ္ဆလိန္ဒာ၊အိုင်သာဖြန့်ကျင်း၊ ကြည်းပင်ရင်းဝယ်၊သနင်းလူ့ဆွေ၊စံပါယ်နေသော်၊မိုးလေထန်ပြင်း၊သွန်းချခြင်းကြောင့်၊မြွေမင်းရပ်တန့်၊ပါးပျဉ်းဖြန့်





လျှက်၊ချီးအုံ့ ဟန်ခိုး၊ဆောင်းကာမိုးသည် ၊ ရှေးရိုးသမ္မာတော် ကြောင့်ကိုး။

## ရာဇာယန သတ္တာဟ

၇။ ခါသတ္တမ၊သတ္တာဟတွင်၊ဗောဓိပင်မှ၊တောင်ပြင်လက်ယာ၊မြေမျက်နှာဝယ်၊ရာဇာယန၊မည်ရခေါ်တွင်၊လင်းလွန်းပင်၌၊သဗ္ဗညုဖျား၊ပျော်စံစားသည်၊ကြီးမားဉာဏ်တော်ပွင့်လို့ကို။

## ဆုတောင်း

ထိုခုနှစ်ပါး၊အရပ်များကို၊ရှေ့သွားသဒ္ဓါ၊ကြည်ညိုစွာဖြင့်၊ ဝန္ဒနာ နာမ ၊ ဂါရဝဖြင့် ၊ဦးချ ညွတ်ကျိုး၊ကျွန်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း ပြည့်စေသောဝ်။

*ညီ-ဖိုးကျော်* ။ သောတာပန်ဖြစ်ကြောင်းနဲ့ သောတာပန်ဖြစ်သွားရင် ဘယ်လိုဖြစ်သွားတယ်ဆိုတာလဲ သိချင်ပါတယ် အစ်ကိုကြီး။

*အစ်ကိုကြီး* ။ ဟေညီဖိုးကျော်က အဆင့်မြင့်လှချည်လားဒါလဲသိထားဖို့လိုတာပဲကွယ်။ သောတာပန်ဖြစ်ဖို့ရာ အကြောင်းလေးပါး ရှိပါတယ်ကွယ့် ဒီလေးပါးကို နိဒါနဝဂ္ဂ-သံယုတ် (ပါ၊၂၉၇၊၄၆၇=မဟာဝဂ္ဂသံယုတ်သဂီတိသုတ်တို့

ကလာတဲ့ အထောက်အထားအရ ပြောရရင်-------

(၁) သပ္ပုရိသသံသေဝ-မြန်မာလိုတော့မဂ်ဖိုလ်လမ်းပြ သူတော်ကောင်းနဲ့ ပေါင်းရမှု။

(၂) သဒ္ဓမ္မသဝန-ခန္ဓာနာမ်ရုပ် သူတော်ကောင်းတရား ကြားနာရမှု။

(၃) ဓမ္မာနုဓမ္မပဋိပတ္တိ-မဂ်ဖိုလ်ရကြောင်းကျင့်မှု။

(၄) ယောနိသောမနသိကာရ-ရုပ်,နာမ်၌ မှန်ကန်တော် တည့်စွာ နှလုံးသွင်းမှု တို့ဖြစ်ပါတယ်ကွယ့်။

သောတာပန်ဖြစ်သွားရင် ဘယ်လိုနေတယ်လို့ သောတာပန်ဖြစ်သွားတဲ့ သူတော်ကောင်းတစ်ယောက်ရဲ့အင်္ဂါကတော့(၄)ပါးရှိပါတယ်။မဟာဝဂ္ဂသံယုတ်ပါဠိတော်လာ သောတာပန်အင်္ဂါလေးပါးလို့ဆိုနိုင်ပါတယ်။အရိယာအင်္ဂါလေးပါးလို့လဲဆိုနိုင်ပါတယ်။

(၁) ဗုဒ္ဓေအဝေစ္စပသာဒသမန္နာဂတ-ဘုရား၌မတုန်မလှုပ်ကြည်ညို လေးစားခြင်း။

(၂) ဓမ္မေအဝေစ္စ ပသာဒ သမန္နာဂတ-တရားတော်၌ မတုန်မလှုပ် ကြည်ညိုလေးစားခြင်း။

(၃) သံဃေ အဝေစ္စ ပသာဒသမန္နာဂတ - သံဃာ၌





မတုန်မလှုပ်ကြည်ညိုလေးစားခြင်း။

(၄) အရိယ ကန္တ သီလေဟိ သမန္နာဂတ-အရိယာကန္တ သီလကို စောင့်ထိန်းရာ၌ အသက်သေလျှင် သေပ-စေ သီလ၌ ညစ်နွမ်းမှု မရှိစေရအောင် ပြည့်စုံစွာစောင့်ထိန်းခြင်း။အရိယကန္တ သီလဆိုတာ ငါးပါးသီလကိုဆိုလိုပါတယ်ကွယ်၊ အဲဒီအင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့ သူတော်ကောင်းကို သောတာပန် အရိယာသူတော်ကောင်းလို့ ဆုံးဖြတ်လို့ရပါတယ်။

ဒီနေရာမှာ ရတနာသုံးပါး၌ မတုန်မလှုပ် ကြည်ညိုတယ်ဆိုတော့ ညီ/ညီမတွေ နားလည်အောင် နဲနဲလေးရှင်းပြပါမယ်။ မြတ်ဗုဒ္ဓ လက်ထက်က"နေဠာနီ"ပုဏ္ဏေးမလေး တစ်ယောက်ရှိခဲ့တယ်၊သူ့ယောကျ်ားက ဘာရဒွါဇ ပုဏ္ဏား-တဲ့ သူကဗုဒ္ဓဘာသာ မဟုတ်ဘူး တိတ္ထိဆရာကြီးတွေကို ကိုးကွယ်တာ "နေဠာနီ"ပုဏ္ဏေးမလေးက ဒို့ဗုဒ္ဓ-ကို ကိုးကွယ်တာ သူကသောတာပန် အဆင့်တောင်ရောက်နေပြီ ဒီတော့ ရတနာသုံးပါးကို စွဲစွဲမြဲမြဲ ယုံကြည်တာပေါ့ ခလုပ်တိုက်လဲ နမော ဗုဒ္ဓဿ၊ပုဂံလေးလွတ်ကျလဲ နမော ဗုဒ္ဓဿ-လို့ နှုတ်ကရွတ်ဆိုလေ့ ရှိသတဲ့



Generated by CamScanner from intsig.com

သူ့ယောက်ျား ဘာရဒွါဇပုဏ္ဏားက သူ့ဆရာတွေပင့်ပြီး အိမ်မှာ ဆွမ်းလုပ်ကျွေးတဲ့အခါ အဲ့ဒီအသံကိုကြားရရင် နားထဲမှာ မိုးကြိုးပစ်ခံရသလို ခံစားရသတဲ့ ဒါနဲ့ တိတ္ထိ ဆရာကြီးတွေက ဒကာငါတို့လာတဲ့အခါ မင်းမိန်းမ အဲ့ဒီ ဂါထာကို မရွတ်စေနဲ့လို့ ပြောသတဲ့ ဒီတော့လဲဘာရဒွါဇ ပုဏ္ဏားက ဓနဉ္စာနီပုဏ္ဏေးမလေးကို ငါ့ဆရာတွေကြွလာ တဲ့အခါ နမော ဗုဒ္ဓဿ-လို့ မရွတ်ရဘူး ရွတ်ခဲ့ရင် မင်းကို ဓားနဲ့ အပိုင်းပိုင်း ဖြတ်မယ်လို့ ချိန်းခြောက်သတဲ့ ကွယ် ဒါပေမဲ့ ဓနဉ္စာနီပုဏ္ဏေးမလေးဟာ နမော ဗုဒ္ဓ- ဿ- လို့ ရွတ်မြဲ ရွတ်တာပါဘဲ အဲ့ဒီလို အသက်စွန့်ပြီး ကိုးကွယ်ဆည်းကပ်တာကို ဗုဒ္ဓေအဝေစ္စပသာဒ သမန္နာ ဂတ-လို့ ခေါ်ပါတယ်။မွေ့,သံဃာ-၌လဲ ထိုနည်းအတူပဲ ပေါ့ ငါးပါးသီလကိုလဲ အသက်နဲ့လဲပြီးတော့ စောင့် ရှောက်တဲ့ပုဂ္ဂိုလ်မျိုးဆိုတာ သာမာဝတီအမျိုးသမီးနဲ့မောင်း မငါးရာ-ကို ဥပမာအားဖြင့် ထားရင်ထင်ရှားပါတယ်။

မာဂဏ္ဍီ-မိဖုရားက အကောက်ဉာဏ်ကြံပြီး ဥတေ နမင်းကိုဂုံးချောတယ် သာမာဝတီတို့တတွေဟာ မြတ် စွာဘုရားအတွက်ဆို အကုန်လုပ်ပေးတယ် မောင်တော်





အတွက် ကြက်အရှင်ကိုသတ်ပြီး ချက်ခိုင်းကြည့်ပါ လုပ် ပေးမလား မလုပ်ပေးဘူးလားလို့ ကြက်အရှင် ရှစ်- ကောင်ကို သတ်၍ချက်ရန် ဥတေနမင်းရဲ့ အမိန့်နဲ့ စေ- လွှတ်ခဲ့ပါတယ်။

သာမာဝတီတို့တတွေဟာ ဒို့ဟာ သူ့အသက်ကိုသတ်- ခြင်းမှ ရှောင်ကြဉ်ကြကုန်၏ သတ်၍မချက်နိုင်ပါမင်းပစ် မင်းဒဏ်သင့်လျှင်ခံရန် အသင့်ပါ-ဟု ရဲတင်းစွာငြင်းဆို လိုက်ပါတယ် ဒါဟာသောတာပန်တို့ရဲ့ အသက်နဲ့လဲပြီး စောင့်တဲ့ သီလပါဘဲ ။ ကဲဒါဆိုသောတာပန်ဖြစ်ခြင်း အကြောင်းနဲ့ သောတာပန်ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ရှိရမည့် အင်္ဂါရပ်တွေကို ညီ/ညီမများနားလည် သဘောပေါက် လောက်ပါပြီ သဘောပေါက်ရဲ့လား?။

*ညီ၊ ညီမများ။* ပေါက်ပါတယ် အစ်ကိုကြီး။

*ညီမ-မိချ ။* ဝိသုဒ္ဓိ(၇)ပါးကို သိချင်ပါတယ်အစ်ကိုကြီး။

*အစ်ကိုကြီး။* အဲ့ဒီဝိသုဒ္ဓိ(၇)ပါးကတော့ အစ်ကိုကြီးတို့ရေး ထားတဲ့ လူသားတိုင်းအတွက် အဘိဓမ္မာ အလင်းတန်း စာအုပ်မှာပါပါတယ်ကွယ် အဲဒီစာအုပ်မှာ ရှာပြီးဖတ် ကြည့်ပါ။အဲ့ဒီစာအုပ်မှာ စာချအကျော် ပေါက်မြိုင်ဆရာ



Generated by CamScanner from intsig.com

တော်ကြီးကလဲ ဝိသုဒ္ဓိအခြေခံ၍ အမှာစာရေးပေးထား ပါတယ်။

**ဦးပိုးကျော်** ။ အနန္တော အနန္တငါးပါးဘုရားရှိခိုးလဲ ရချင် ပါတယ်အစ်ကိုကြီး။

**အစ်ကိုကြီး**။ ကဲလိုက်မှတ်ပါ -------------

**အနန္တော အနန္တ ငါးပါး ဘုရားရှိခိုး**

၁။ **မြတ်စွာဘုရား**။ "ဗုဒ္ဓဂုဏော အနန္တော"ဟု ကျော်ဇော ထင်ရှား သုံးပါးရပ်သူ နတ်လူဗြဟ္မာ သတ္တဝါကို ခေမာ သာခေါင် နိဗ္ဗာန်သောင်သို့ ရွှေဖေါင်မဂ္ဂင် သဘော်ယာဉ် ဖြင့် ကယ်တင်ဆောင်ယူ ပို့တော်မူသည် နတ်လူတို့ထိပ် ပန်း ရဟန်းတို့ဆရာ အစိန္တေယျာဟု အနန္တဂုဏ်အင် ကျေးဇူးရှင်ကို၊အဟံ-အကျွန်ုပ်သည်ဝန္ဒေဝန္ဒာမိ၊ရှိခိုးပါ၏။

၂။ **တရားတော်**။ "ဓမ္မဂုဏော အနန္တော" ဟု တည်သော ကမ္ဘာ သတ္တဝါလူနတ် အထပ်ထပ်ကို လေးမြတ် ကြင်နာ အဝိဇ္ဇာနှင့် တဏှာသံယော ကိလေတောမှ ဆေးကြော သုတ်သင် မြူမထင်အောင် ရှောင်ကြဉ်ပေတတ် ကာရား မြတ်ကို။အဟံ-အကျွန်ုပ်သည်။ဝန္ဒေဝန္ဒာမိ၊ရှိခိုးပါ၏။





၃။ **သံဃာတော်**။ "သံဃာ့ဂုဏော အနန္တော"ဟု လောဘ ဒေါသ မောဟကင်းကွာ တဏှာကာမ ကိလေသနှင့် ရာဂ အမိုက် နှစ်မြိုက်မပျော် မမွေ့လျော်ဘဲ ရှင်တော်ဟော ကြား မြတ်တရားကို မှတ်သားကြည်ညို၊ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်းမှန်သည့် မြတ်မွန်ထေရ်ကျော် သံဃာ- တော်တို့ ဂုဏ်တော်ကြီးစွ အနန္တကို။အဟံအကျွန်ုပ်သည်။ ဝံန္ဒေဝန္ဒာမိ၊ရှိခိုးပါ၏။

၄။ **ကျေးဇူးကြီးသွေ မိနှင့်ဖ**။ "မာတာပိတုဂုဏော အန- န္တော"ဟုအပြောကျယ်စွာ သံသရာဝယ်မာတာပိတ မိနှင့် ဖတို့ ရေကြည်ကလလ တည်ဦးစက ချို့ချဉ်ပူစပ် ရှင်း ရှင်းပြတ်အောင် မပြတ်ယုယ မိဘတို့မှာ စိုးရိမ်စွာဖြင့် အ စာစိမ့်အေး နို့ချိုပေး၍ မွေးသည့်မိခင် ကျွေးဖခင်ကို။ အဟံ-အကျွန်ုပ်သည်။ဝန္ဒေဝန္ဒာမိ၊ရှိခိုးပါ၏။



၅။ **ဆရာသခင်။** "အာစရိယ ဂုဏော အနန္တော" ဟုမိန့်ဟောအရ ကောက်ယူပြသော် နယနည်းနာ အဖြာဖြာကို လိမ္မာစေကြောင်း မေတ္တာလောင်း၍ မကောင်းကိုကြဉ် ကောင်းရာယှဉ်လျှက် နှုတ်မြွက်သံချို ဆုံးမဆိုသား အဟို များစွာ သံသရာဝယ် သုံးသွယ်သောကပ် လေးရပ်အပါယ်ရှစ်သွယ်ရပ်ပြစ် ဆိုးညစ်ယုတ်မာ အဖြာဖြာကို ခေမာဘုမ္မိ ဘေးမရှိအောင် နိဗ္ဗာန်သောင်သို့ ရောက်အောင် ပြည့်နှံ သွန်သင်ပေတတ် ဆရာမြတ်ကို။အဟံ-အကျွန်ုပ်သည်။ဝန္ဒေ၀န္ဒာမိ၊ရှိခိုးပါ၏။

*ညီဖိုးမောင်* ။အစ်ကိုကြီးဆွမ်း,သစ်သီးဆွမ်း,ရေချမ်း,ပန်း, လျှက်စစ်မီး,ဆီမီးကပ်လှူတာကိုလဲ ရချင်ပါတယ် အစ်ကိုကြီး။

*အစ်ကိုကြီး။* ဟော့ ဒို့စာအုပ်က ဘုရားရှိခိုးစာအုပ်ဖြစ်နေပါဦးမယ်။

*ညီဖိုးဇော်။* အစ်ကိုကြီးဘဲသီအောင်လုပ်ဆိုသိချင်တာတွေ အကုန်မေးရမှာပေါ့။

*အစ်ကိုကြီး။* အေးသိအောင်လုပ်ပြီးရင် ရအောင်လဲကျက်





ထားဘို့ လိုတယ်နော်။

*ညီ၊ ညီမများ။* ကျက်ထားပါ့မယ်အစ်ကိုကြီး။

*အစ်ကိုကြီး။* အရဟာတာဒိ နဝဂုဏေဟိ အရဟံ-အစရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့်။သမန္နာဂတံ၊ပြည့်စုံတော်မူသော။နာထံ၊လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော။ဗုဒ္ဓံ၊သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို ဥဒ္ဒိဿ၊ရည်မှတ်၍။စေတီယဿ၊ဓာတုစေတီ,ဓမ္မစေတီ, ဥဒ္ဒိဿစေတီ,ပရိဘောဂစေတီတော်မြတ်အား။ဝဏ္ဏ,ဂန္ဓ, ရသသမ္ပန္နာဂတာနိ၊အဆင်းအနံ့အရသာတို့နှင့်ပြည့်စုံတော်မူသော၊ဣမာနိပိဏ္ဍပါတ ခါဒနိယဘောဇနီယာနိစ၊ ဤဆွမ်းခဲဘွယ် ဘောဇဉ် ချိုချဉ်ရသာအဖြာဖြာတို့ကိုငင်း။ (ဆွမ်းအတွက်)ဣမာနိဖလာနိစ၊ဤသစ်သီးဆွမ်းတို့ကိုငင်း။ ဣမာနိ ပါဏီယ ပရိဘောဇနီယာနိစ၊ဤသောက်တော်ရေ သုံးဆောင်တော်ရေတို့ကိုငင်း၊(ရေချမ်းအတွက်)ဝဏ္ဏ ဂန္ဓ သမ္ပန္နာဂတာနိ၊အဆင်းအနံ့နှင့်ပြည့်စုံသော။ဣမာနိ ပုပ္ဖါနိစ၊ဤပန်းတို့ကိုငင်း။(ပန်းအတွက်)နာနာဝိစိတ္တာနိ၊ အထူးထူးအပြားပြားဆန်းကြယ်လှစွာသော။ဣမာနိဓာတု ပဇ္ဇောတာနိစ ၊ဤလျှပ်စစ်မီးအရောင်တို့ကိုငင်း



Generated by CamScanner from intsig.com

ကြမာနိ တေလပဋ္ဌောတာနိစ၊ ဤဆီမီး,ဖရောင်းတိုင်မီးတို့ကိုရှင်း။

သက္ကစ္စံ၊ရှိရှိသေသေ။ဒေမိ၊နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏ အရှင်ဘုရား။ပူဇေမိ၊နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏ အရှင်ဘုရား။မေ၊အကျွန်ုပ်၏။ဣဒံပုညံ၊ဤကောင်းမှုသည်။အာသဝက္ခယံ၊ကာမာသဝ , ဘဝါသဝ , ဒိဋ္ဌာသဝ,အဝိဇ္ဇာသဝ-တည်းဟူသောအာသဝေါတရားလေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်,ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန် ကို။ဝဟံ၊မရောက်ရောက်အောင် ရွက်ဆောင်နိုင်သည်။ဟောတု၊စင်စစ်မသွေဖြစ်ပါစေသတည်း။

သီ ။ အမျှဝေတာလေးလဲ တခါတည်း ကျက်ထားချင်ပါတယ် အစ်ကိုကြီး။

အစ်ကိုကြီး။ အေးကောင်းတယ် ကောင်းတယ်။

ဤသို့ပြုရ မြတ်ပုညကို ကြီးထမြင့်ခေါင်၊မြင့်မိုရ်တောင်ဦး မကကျူးသား၊ကျေးဇူးအရှင် မွေးမိခင်နှင့်၊ဖခင်တို့အား ရငြားပါစေ၊အမျှဝေ၏။မသွေနိစ္စ၊ဤကာယကို၊စောင့်ကြပေတတ်၊ကိုယ်စောင့်နတ်လည်း၊မလပ်စေရ ပေဝေ၏၊မိတ္တဆွေဉာ၊ဆရာသမား ဘိုးဘွားကစ၊ယမရာဇာ၊





ဒေဝါယက္ခ၊ဣန္ဒဗြဟ္မာ၊အာကာသနတ်၊အထူးမှတ်၍၊အမြတ်ပုည၊ကုသလကို၊ရကြပါစေ၊အမျှဝေ၏၊သဗ္ဗေသတ္တာ၊သတ္တ-ဝါဟု၊နာနာလောက၊အနန္တတွင်၊မပြတ်စဉ်ကာ၊သတ္တဝါသ၊ဘုံကိုးဝနှင့်၊ဝိညာဏဋ္ဌိတိ၊တည်ရှိခုနစ်ပါး၊များစွာလုံးစုံ၊ဘုံသုံးဆယ်တစ်၊ဖြစ်ဖြစ်သမျှ၊ဝေနေယျအား၊အမျှကုသိုလ်၊ပေးဝေလို၏၊ထိုကုသလ၊ဤပုညကို အမျှရကြသည် ဖြစ်စေသော်။ဝသုန္ဓရေ၊ဤမြေပံသု သီလာထုလည်း သက်သေမူ တည်စေသော်။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။
သာဓု သာဓု သာဓု။
အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။
သာဓု သာဓု သာဓု။
အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။
သာဓု သာဓု သာဓု။

ကဲဒီ့ မိသားစု သီအောင်လုပ်ပါခမ္မသင်တန်းအပိုင်း(၁)ကို ဒီနေရာမှာ နားကြပါဦးစို့ကွယ်။

သီ၊ သီမများ။ ကောင်းပါတယ် အစ်ကိုကြီး။

သာဓု သာဓု သာဓု။



Generated by CamScanner from intsig.com

(၆၄) သိအောင်လုပ်ပ်

'ဘဝနာရီ'

ဘဝနိုင်ခွက်
ရာသီလက်တံ
သွက်လက်လျှပ်ရှား
လူးလွန့်သွားရင်း
သက်ကားငါးဆယ်ကျော်ခဲ့ပြီ၊
ခရီးသွားပျော်
ငါ့ဆွေဖော်တို့
မမေ့ဘဲလော
မနှင်ပါဘဲ
ပြန်၍ခွဲသည်
ငါလဲကြိုနည်းနှင့်နှင်တည်း။

(၅၇)နှစ်မြောက် မွေးနေ့အမှတ်တရ
(ပဏ္ဍိတာရုံဆရာတော်)



(၆၅) ပဏ္ဍိတာရုံဆရာတော်

'မရှုံးစေနှင့်'

ဘာရှုံးနေကြ
နေ့ထက်ကြာ
ကိုယ့်တွက်ကာများ
လုပ်ပြီးထားလဲ
မွန်းတိမ်းနေဝင်
သေရောက်ငြား
ရွှေရင်ငွေအိုးလှ
ဗျက်ရည်ကျသော်
ဘဝနောက်ဆုံး
ငါ့ဘာရှုံးသည်
မသုံးသုံသာရာ
ရှည်လိမ့်မည်။

(၅၈)နှစ်မြောက်မွေးနေ့အမှတ်တရ
(ပဏ္ဍိတာရုံဆရာတော်)



Generated by CamScanner from intsig.com

(၆၆) ပဏ္ဍိတာရုံဆရာတော်

## 'သံဝေမရ လွှန်လွှန်းလှ'

ကောသာမြရွက်　တခက်ခံပြို
သံဝေယုဂ်၍　မင်းမှမယ
တောထွက်ပြခဲ့　သရက်နှစ်ပင်
သံဝေဝင်၍　နန်းရှင်ဇနက
တောထွက်ပြခဲ့　ဟတ္ထိပါလ
စသည့်မင်းများ　သံဝေပွါး၍
များပြားစွာလှ　တောထွက်ပြခဲ့။
ဝါကရဟန်း　မည်တွင်ဆန်းလျှက်
မြင်တန်းတောချေ　မဝင်လေဘဲ
သံဝေကင်းပျော်　ပေါင်းသင်းပေါ်ရုံ
ဤကိုယ်မြူဝယ်　တခုံမင်မင်
တင်ဝင်ဝင်စွဲ　တကျာသဲသော်
လွှန်ဘဲလွှန်လွှန်း၏ ကျွန်ဘဲကျွန်လွှန်း၏။

(၅၉)နှစ်မြောက် မွေးနေ့အမှတ်တရ

( ပဏ္ဍိတာရုံဆရာတော် )



(၆၇) ပဏ္ဍိတာရုံဆရာတော်

## 'လာခြင်းကောင်းအောင်'

မွေးနေ့မွေးနေ့　တရွေ့ရွေ့နှင့်
နေ့ကုန်လပြောင်း　လပေါင်းများကာ
နှစ်ဖြစ်လာရင်း　ခြောက်ဆယ်ချဉ်းခဲ့
အိုမင်းဇရာ　အနာနှိပ်စက်
ဤဒဏ်ချက်ကြောင့် ပြိုပျက်ရုပ်ဝါ
ခမ်းခြောက်လာပြီ
ဘယ်မှာမသေရှိမည်နည်း။
ရုပ်/နာမ်အိုသေ　မလွဲပေလည်း
မသေတရား　ဖွေရှာထားရင်း
အများကောင်းကျိုး ကိုယ့်ကောင်းကျိုးကို
သည်ပိုးဆောင်မှ　လူ့ဘဝ၊
မှချလာခြင်းကောင်းမည်တည်း။

(၆၀)နှစ်မြောက် မွေးနေ့အမှတ်တရ

(ပဏ္ဍိတာရုံဆရာတော်)



Generated by CamScanner from intsig.com

(၆၈) သီအောင်လုပ်ပြီ

"ရှေ့ဆက်"

တနှစ်ကြီးလာ   သေရွာတနှစ်
နီးလာဖြစ်ကို   သံဝေပိုလျှက်
လူထိုရဟန်း   ဓမ္မပန်းခိုင်
အမြန်ကိုင်၍   ကိုယ်ပိုင်အလုပ်
တွင်တွင်လုပ်မှ   မယုတ်လူဖြစ်
ခွန်အားသစ်ဖြင့်   ရှင်ချစ်သာသနာ
ထွန်းလင်းဖြာမည်လျှင်စွာရှေ့ဆက် သင့်အတွက်။

"အခွင့်"

ပုင်ဖွားကတ   မြက်ပုညကြောင့်
ဘဝလူ့ရွာ !   ရောက်ခွင့်သာခဲ့
လူ့ရွာရောက်ရိုက် ကြုံကြိုက်သာသနာ
ထွန်းလင်းဖြာခဲ့
သာသနာလင်း   ကိုယ့်ရင်တွင်းမှာ
ထွန်းလင်းသိမှ   ကိုယ့်ဘဝ
မုချအခွင့်ကောင်းအညီတည်း။
(၆၇)နှစ်မြောက် မွေးနေ့အမှတ်တရ
(ပဏ္ဍိတာရုံဆရာတော်)



(၆၉) ပဏ္ဍိတာရုံဆရာတော်

ဆုတောင်း

ဤစာပြုရ၊   ကုသလကြောင့်၊
ဘဝများစွာ၊   သံသရာဝယ်၊
ပယ်ရှားကင်းဝေး၊ တာလဘေးစင်၊
မနေးလျှင်စွာ၊   မြတ်ပညာနှင့်၊
ဆရာသူတော်၊   ပေါင်းသင်းဖော်လို့၊
အလျော်ဓမ္မ၊   ပွားကျင့်ရပြီး၊
ဘဝခန္ဓာ၊   မတွယ်တာဘဲ၊
များစွာဒုက္ခ၊   အေးငြိမ်းရသည့်၊
အမတ - ခေါ်၊   ရွှေပြည်တော်သို့၊
ရှင်ပျော်မုချ၊   ရောက်စေသောဝ်။
ရှင်တော်ဗုဒ္ဓ၊   မြောက်စေသောဝ်။
ဉာဏ်မျှော်ဒုက္ခ၊   ပျောက်စေသောဝ်။

 ဦးဇနသာရ



Generated by CamScanner from intsig.com



ကျေးဇူးရှင် ဒီပဲရင်းဆရာတော်ဘုရားကြီး

မသိလျှင်တွယ်၊ သိလျှင်ပြယ်သည်။
တွယ်လျှင်လည်းဘေး၊ ပြယ်လျှင်အေးသည်။
မသိကတပတ်ပတ်၊ သိမှ အပြီးသတ်သည်။

မသိ အစ
သိက အဆုံး
ကိစ္စ တုံးသည်။

ဒါ့ကြောင့်
သိအောင်လုပ်ပါ။



သာသနာနှစ်-၂၅၅၃ ၁၃၇၁-ခု၊ တန်ခူးလပြည့်နေ့၊ ၂၉-၃-၂၀၁၀ (တနင်္လာနေ့)

ပဏ္ဍိတာရုံစာစဉ် (၁၁)

မန္တလေးမြို့၊ ညောင်ကန်တိုက်
ပဏ္ဍိတာရုံကျောင်းဆရာတော်
ဘဒ္ဒန္တဇနသာရ
(ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)




# သိအောင်လုပ်ပါ